# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၄း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို နေ့လယ် ၁၄း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၄း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ နဝမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၇)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏ (၉၂.၆၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေ ဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၄း၀၈။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်း ဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ခွင့်များ နဲ့ပတ်သက်ပြီး အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ လွှတ်တော်ရဲ့ သဘောထားကို နောက်ဆုံးမှ ရယူဖို့ ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဗိုလ်မှူး ဝင်းကျော်ကျော် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဗိုလ်မှူး ဝင်းကျော်ကျော် (တပ်မတော်သားကိုယ်စားလှယ်)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး ဝင်း ကျော်ကျော် ဖြစ်ပါတယ်။ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၁၂၁ ဗိုလ်မှူး ဉာဏ်မျိုးကျော် ဟာ ခါးနာဝေဒနာ ခံစားနေရပါသဖြင့် ၁-၃-၂၀၁၂ ဒီကနေ့ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ။** ။ ဦးသက်နိုင်ဦး ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၆) တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန်ဟာ အဆုတ်ရောဂါ စစ်ဆေးနေရပါသဖြင့် ၁-၃-၂၀၁၂ ရက်နေ့(၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၆)မှ ကျွန်တော် ဦးသက်နိုင်ဦး မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၉**။

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်း သည် မိမိကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၁-၃-၂၀၁၂ ရက်နေ့(၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ယင်း၏ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးကျော်သူဦး က ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုးမြင့် ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၆) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၉**။

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ ဟာ နေမကောင်းဖြစ်နေပါသဖြင့် ၁-၃-၂၀၁၂ ရက်နေ့အား ခွင့်(၁)ရက်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် မှ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၉) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၀။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၆)မှ ဦးမျိုးမြင့် သည် နေမကောင်းပါသဖြင့် ၁-၃-၂၀၁၂ ရက်နေ့အား ခွင့်(၁)ရက်အဖြစ် ခွင့်ပေးပါရန် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး က ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၂) တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၀။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး သည် နေမကောင်းဖြစ်နေပါသဖြင့် ၁-၃-၂၀၁၂ ရက်နေ့(၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းမောင် ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း သည် နေမကောင်းပါသဖြင့် ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ခွင့်အဖြစ် သတ်မှတ်ပေးပါရန်လေးစားစွာ တင်ပြအပ်ပါသည်။ယင်း၏ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင် က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးအေး အတွက်ပါ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး သည် ကိုယ်ရေးကိုယ်တာကိစ္စ ရှိနေပါသဖြင့် ၂၀၁၂ ခုနှစ်၊ မတ်လ (၁)ရက်နေ့ ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။ ယင်း၏ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင် က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးမင်းလွန်းအောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၂။**

**ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းလွန်းအောင် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး သည် မိခင်၏ကျန်းမာရေးကြောင့် ယနေ့ ၁-၃-၂၀၁၂ ရက်နေ့တွင် လွှတ်တော်အစည်းအဝေး တက်ရောက်ခြင်းမှ ခွင့်(၁)ရက် ပျက်ကွက်ခွင့်ပြုပါရန် ၎င်း၏ကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာစိုးဝင်း မွန်ပြည်နယ် မဲဆန္ဒ နယ်အမှတ်(၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှသိန်း သည် မိသားစုကျန်းမာရေးကိစ္စ ဆောင်ရွက်ရန်ရှိပါသဖြင့် ၁-၃-၂၀၁၂ ရက်နေ့ကို ခွင့်(၁)ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဒေါက်တာလှသိန်း ၏ ကိုယ်စား မွန်ပြည်နယ် မဲ ဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိုးဝင်း မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥ ပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ဟာ ပထမတော့ ပြည်ထောင်စုလွှတ်တော် အစီအစဉ် တစ်နေကုန် ဆောင်ရွက်ဖို့ ပါပဲ။ သို့သော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး က ညနေပိုင်းအချိန် လိုချင်တယ်ဆိုတာနဲ့ ကျွန်တော်တို့ ညနေပိုင်းမှာ အမျိုးသားလွှတ်တော်ရဲ့ အစီအစဉ်တွေကို အစားထိုးဆောင်ရွက်တာကို အားလုံးနားလည်ပေးဖို့လိုပါတယ်။ နောက် ခွင့်(၃)ရက် ဆက်ပိတ်မှာ ဖြစ်လို့ ပြည် ထောင်စုလွှတ်တော် ရပ်နားကြောင်းကြေညာတဲ့အခါမှာ ပြန်ဖို့မောင်းတင် လိုက်တဲ့ ကိစ္စ အမျိုးသားလွှတ်တော် ရှိပါတယ်ဆိုတော့ လက်ခုပ်တီးလိုက်ရတဲ့ အနေအထားကိုလည်း နားလည်ပါတယ်။

**ဦးညဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များ၌ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို ထပ်ဆောင်း ဘာသာရပ် (Additional Subject) အဖြစ် သင်ကြားပေးနိုင်ပါရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးညဏ်လင်း တင်သွင်းထားတဲ့ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များ၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ် (Additional Subject)အဖြစ် သင်ကြားပေးနိုင်ပါရန်ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၆။**

**ဒေါက်တာတင်ရွှေ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးအတွက် ဥက္ကဋ္ဌကြီး ၏ ဂုဏ်ပုဒ်နဲ့လျော်ညီစွာ ကျင့်ဆောင် တာဝန်ထမ်းဆောင်တဲ့အတွက် ဂုဏ်ပြုအပ်ပါကြောင်း ဦးစွာပဏာမ ပန်ကြားအပ်ပါတယ်။ အလားတူ ပြည်ထောင်စုဝန်ကြီးများ၊ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး လည်းပဲ သုခအဖြာဖြာနှင့် ပြီးပြည့်စုံပါစေကြောင်း ဆုမွန်တောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရဲ့ ခွ င့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီး ဌာန အသီးသီးကစီမံခန့်ခွဲသော တက္ကသိုလ်များ၌ နိုင် ငံရေးသိပ္ပံဘာသာရပ်ကို ထပ်ဆောင်း ဘာသာရပ်အဖြစ်သင်ကြားပေးနိုင်ပါရန် ပြည်ထော င်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အဆိုပြုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဉာဏ်လင်း၊ ဧရာဝတီတို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)ရဲ့ အဆိုပြုချက်ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင် အနေနဲ့လည်းပဲ ရေဆင်းတက္ကသိုလ်မှာ Political Science ဘာသာရပ်ကို (၂)နှစ်ကြာ ကျောင်းသူ၊ ကျောင်းသားများအား သင်ကြားပို့ချခဲ့တဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဉာဏ်လင်း ရဲ့ ပို့ချချက်များကိုလည်းပဲ လေးစားဂုဏ်ပြုတဲ့အနေနဲ့ ဤအဆို ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ ရေမြေတောတောင် သယံဇာတတွေ ထူထပ်ပေမယ့် နိုင်ငံရေးမှာ ကံမလှအကြောင်းမပါ ဖြစ်နေပါ တယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ ယခုရောက်ရှိနေကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့်တကွ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အပါအဝင် လွှတ်တော်(၂)ရပ်မှ ပုဂ္ဂိုလ်တွေဟာ ယနေ့ ယခုအချိန်မှာ မိမိတို့ ဖြတ်သန်းလာရတဲ့ အတွေ့အကြုံတွေ၊ ဆုံဆည်းမှုတွေကို သင်ခန်းစာရယူပြီးတော့ နောင်လာနောက်သားတွေအတွက် ကျွန်တော်တို့ ပြောပြောနေကြတဲ့Sustainable Development ဖြစ်အောင်၊ အခုလည်း ဖွံ့ဖြိုးအောင် နောင်လည်းပဲ တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ကမ္ဘာမှာ ရပ်တည်မယ်ဆိုတဲ့ မွ န်မြတ်တဲ့ဆန္ဒကို ကျွန်တော်တို့ တပ်မတော်သားတွေ အပါအဝင် ပူးပေါင်းပြီးတော့ ထူထောင်ဖို့လိုပါတယ်ဆိုတာ အကြီးအကဲများကလည်းပဲ အစဉ်တစိုက် အာရုံပြုမီးမောင်းထိုးပြလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ၁၉၄၈၊ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး

ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း အမှူး ပြုတဲ့ အာဇာနည်တွေရဲ့ အသက်၊ သွေး၊ ချွေး ။ အားလုံးသော ပြည်သူတွေရဲ့ အသက် ၊ သွေး၊ ချွေး ။ တပ်မတော်သားတွေရဲ့ အသက် ၊ သွေး၊ ချွေးတွေကို တန်ဖိုးရှိစွာနဲ့ ကျွန်တော်တို့က ဒါတွေကိုသိမှသာလျှင် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး တန်ဖိုးကို သိ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ၁၉၄၈ ကနေ ၁၉၅၈ အတွင်းမှာ ဒီ ပါလီမန် ဒီမိုကရေစီကို ကျင့်တဲ့ အခါမှာ ဘယ်လို ကျင့်ခဲ့ကြသလဲ။ နောက်တစ်ခါ ၁၉၅၈ နဲ့ ၁၉၆၀ ကြားထဲမှာ အိမ်စောင့်အစိုးရ လက်ထက်အဖြစ်နဲ့ ဆော င်ရွက်ခဲ့တဲ့အခါမှာ အိမ်စောင့် အစိုးရ လက်ထက်မှာ ဘယ်လိုကျင့်သုံးခဲ့သလဲ။ နောက်တစ် ခါ ၁၉၆၀ နဲ့ ၁၉၆၂ ကြားထဲမှာ သခင်ဗိုလ် အုပ်စုတို့ အစရှိတဲ့ အကွဲအပြဲ အချိန်မှာ ဘယ်လိုတွေလဲ။ တစ်ခါ ၁၉၆၂ ကနေ ၁၉၈၈ ဒီအတွင်းမှာ တော်လှန်ရေးကောင်စီလက်ထက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်လက်ထက်အခါကျတော့ ဆိုရှယ်လစ်စနစ်ကို ဘယ်လိုသွားခဲ့သလဲ။ နောက်တစ်ခါ ၁၉၈၈ မှာလည်း ဘယ်လိုကြော င့် အကျိုးနဲ့အကြောင်း ဆက်စပ်နေတာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ၁၉၈၈ ကနေ အခု ကျွန်တော်တို့ ၂၀၁၀ ဘယ်လို အုပ်ချုပ်ခဲ့သလဲ။ နိုင်ငံက ဘယ်လိုအခြေအနေ ပေးခဲ့သလဲဆိုတာ တွေကို ကျွန်တော်တို့ ဒါ Underline ဆွဲပြီးတော့ အသိအမြင်ပွားဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီ ပြည်ထောင်စုလွှတ်တော်ကြီးရဲ့ တတိယပုံမှန်အစည်းအဝေး နဝမနေ့ (၁၀)ရက်မှာ လည်းပဲ အမျိုးသားစီ မံကိန်းဥပဒေကြမ်းမှာ ပညာရေးကဏ္ဍမှာ ကျွန်တော် မာတိကာတစ်ခု အဖြစ်နဲ့ Political Science ကို ထည့်သွင်းသင်ကြားပေးစေချင်တယ်။ Political Economy ဒီမိုကရေစီနိုင်ငံတွေမှာ ကျင့်သုံးကြတဲ့ စီးပွားရေးဈေးကွက် ဘယ်လိုပုံစံလဲ။ နော က် ဘယ်လို ကျွန်တော်တို့ ရှေ့ဆက်တွေးခေါ်ကြမလဲ။ အဲဒီဥစ္စာတွေကို ကျွန်တော် တင်သွင်းခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ခုန ပြောခဲ့တဲ့ အစီအစဉ်တွေအတိုင်း ဒီမိုကရေစီရဲ့ စကားလုံး၊ စကားရပ်တွေ အဲဒါတွေကို ကျွန်တော်တို့ Definition ဖွင့်ဖို့လည်းပဲ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး သိရှိပြီး ဖြစ်ကြပါလိမ့်မယ်။ ဒါကြောင့်မို့ လို့ ဒီမိုကရေစီရဲ့ အနှစ်သာရကိုရရှိအောင် ပြည်သူ အများရဲ့ အုပ်ချုပ် ရေးပုံစံရှိတယ်။ အဲဒီ ပြည်သူတွေက ကြိုက်မှသာလျှင် လက်ခံတယ်။ နောက်တစ်ခါ ဆင့်ကဲဆင့်ကဲ လက်ခံရရှိထားတဲ့ အာဏာရတဲ့ ပုဂ္ဂိုလ်ကလည်း ဘယ်လို ဆက်လက်ပြီးတော့ ကျင့်သုံးမယ်။ ပါတီတွေ ထူထောင်ခွင့်ပေးမယ်။ ဒါတွေဟာ အကုန်လုံး ကွင်းဆက်တွေရှိပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ ဒီဘာ သာရပ်အနေနဲ့ Political Culture လို့ ခေါ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ဆရာဦးဖေမြင့် ရေးတဲ့ ဒီမိုကရေစီ

ဘာကြောင့်လိုချင်သလဲဆိုတဲ့ စာအုပ် အခု စာကြည့်တိုက်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် စာကြည့်တိုက်မှာ ဦးဖေမြင့် ရဲ့ Corner ဆိုပြီးတော့ ရှိတဲ့အတွက် ဒီစာအုပ် ပါပါလိမ့်မယ်။ ဖတ်ကြည့်လိုက်ပါ။ အဲဒီကျလို့ရှိရင် လေးစားစွာနဲ့ဖတ်ကြည့်ဖို့ မေတ္တာရပ်ခံပါတယ်။ အဲဒီမှာလည်း အကုန်ပေါ်လွင်လာမှာပါပဲ။ ကျွန်တော်တို့ ဒီအကြောင်းတရားတွေကို သိမှသာ လျှင် ကျွန်တော်တို့ လုပ်ငန်းတွေဟာ အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခြေခံကျောင်းတွေ မှာတော့ ကျွန်တော်တို့ရဲ့ သမိုင်းစဉ် အခုလည်း သင်နေပ ါတယ်။ လေးစားအပ်ပါတယ်။ ဆရာ၊ ဆရာမတွေ တော်တော်လေးကို သင်ပြပါတယ်။ သို့သော် ခံယူ ချက်ပြင်းပြင်းနဲ့ လုပ်နိုင်ဖို့ လို ပါတယ်။ ဒါကြောင့်မို့လို့ တက္ကသိုလ်တွေမှာလည်းပဲ ဆရာ ဦးဉာဏ်လင်း အမျိုး သားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဉာဏ်လင်းရဲ့ အဆိုပြုထားတဲ့အတိုင်း Political Additional Subjectပေါ့။ သို့သော် ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၉၈၁-၈၂ လောက်မှာတော့ ကျွန်တော်တို့ ဆေးတက္ကသိုလ်တွေ တောင်မှ First Year မှာ Political Science သင်ခဲ့တယ်လို့ ကျွန်တော် ကြား ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီဥစ္စာဟာ ကျွန်တော်တို့ မြန်မာနိုင်ငံ အတွက် မစိမ်းပါဘူး။ ခုန ပြောသလို အသိတရားဝင်မှ အမြင်မှန်တွေ ရမှာ ဖြစ်ပါတယ်။ နို့မို့ ဆိုရင် ဒီအာဃာတတရား တွေကို ကျွန်တော်တို့ ပယ်ဖျောက်ရမယ်။ ဒီအာဃာတတွေ ရှိနေသရွေ့ဟာ ဘာမှမတိုးတက်ဘူး။ ပြောမယ်ဆိုရင်တော့ အညီရှိရင် ယင်အုံတတ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျေးဇူးပြု ခဲ့တဲ့လူတွေ၊ နောက်တစ်ခါ မြန်မာ့နိုင်ငံရေးခေါင်းဆောင်တွေ။ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်တွေ သိပ်ကံခေတယ်။ ဗိုလ်ချုပ်ကြီး ဦးနေဝင်း ဆိုလည်း ဘယ်လို ဆုံးပါးသွားသလဲ။ ကျွန်တော်တို့ ဒါ တကယ့်ကို ကွယ်ပျောက်သွားတယ်။ အခု ဆောင်ရွ က်ပေးခဲ့တဲ့ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေ တို့၊ ဒါအင်မတန် တ စ်နည်းတစ်ဖုံနဲ့ဆိုရင် ကျေးဇူး ရှိပါတယ်။ အဲဒီတော့ နိုင်ငံရေးမပြိုမကွဲအောင် နိုင်ငံရေးကို ထိန်းသိမ်းပေးရတဲ့အတွက် အဲဒီလို အကြောင်းတရားတွေကို ဒီလို Political Science တွေ့လိုက်တယ်။ မှတ်စုထဲမှာလည်းပဲ B.A (Political Science ) ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ပါတယ်။ အဲဒီတော့ အဲဒီလို ပညာရှင်တွေနဲ့ နှီးနှော ပြီးတော့ ကျွန်တော်တို့ Political Science ကိုတော့ အခြေခံကျတဲ့ကျောင်းတွေမှာ အခြေခံပညာ Basic Education တွေမှာ၊ Higher Education တွေမှာတော့ Political Science ကို ပြတ်ပြတ်သားသား သင်နိုင်ရင် ပိုကောင်းပါ တယ်ဆိုတဲ့အကြောင်းကို အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဉာဏ်လင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)ရဲ့ ပြည်ထောင်စု

အစိုးရကို တိုက်တွန်းတဲ့အဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံပါကြောင်း ပြောကြားအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၄။**

**ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ် တော်ကိုယ်စားလှယ်များ၊ ကြွရောက် လာကြသူများ အားလုံး မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့သပါတယ်။ ကျွန်မကတော့ ရ န်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုး သားလွှတ်တော် ကိုယ်စားလှ ယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က ဦးဉာဏ်လင်းရဲ့ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များ၌ နိုင်ငံရေးသိ ပ္ပံဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ် (Additional Subject) အဖြစ် သင်ကြားပေးနိုင် ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ နိုင်ငံသားတစ်ဦးသည် မိမိနေထိုင်ရှင်သန်ပေါက်ဖွားရာ အမိမြေနှင့် ပတ်သက်၍လည်းကောင်း၊ အမိမြေတွင် နေ ထိုင်ကြကုန်သော ပြည်သူလူထုနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်၏ နယ်နိ မိတ်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်တကွ ပြည်သူလူထုနှင့်ပတ်သက်သော ရေးရာကိစ္စဝိစ္စများအားလည်းကောင်း၊ မိမိသည် နိုင်ငံသားတစ်ဦးအနေဖြင့် မည်သို့ တာဝန်ရှိသည်။ နိုင်ငံတော်ကလည်း မိမိတို့အား လူ့အခွင့်အရေးနဲ့ပတ်သက်၍ မည်သို့ဆောင်ရွက်ပေးနိုင်သည်။ နိုင်ငံသား၏ တာဝန်ဝတ္တရားများ၊ နိုင်ငံတော်၏ တာဝန်ဝတ္တရားများ အားလုံးကို သိရှိနားလည်ရန် များစွာလိုအပ်လှပါသ ည်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီနိုင်ငံတွေ တော်တော်များများရှိတဲ့အထဲက လေ့လာကြည့်လိုက်တဲ့အခါကျတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တာချင်း အရှိန်အဟုန်ချင်း မတူကွဲပြား ခြားနားကြတာကို လေ့လာတွေ့ရှိရပါတယ်။ ဘာဖြစ်လို့လဲလို့ လေ့လာလိုက်တဲ့အခါကျတော့ စီမံခန့်ခွဲပုံ၊ လူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးချတဲ့ပုံ၊ နောက်အချိန်ကို တစ်ပြေးညီ အချိန်နဲ့ In Time ဖြစ်အောင်

လိုအပ်တာကို လိုအပ်သလို ပြတ်ပြတ်သားသား ဆောင်ရွက်ဖို့တွေ လိုအပ်တဲ့အတွက် ဒါဟာ ဒီလို တစ်ခုနဲ့တစ်ခု၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ တိုးတက်ပုံချင်း မတူဘူးလို့ အဲဒီလို လေ့လာ တွေ့ရှိရပါတယ်။ အဲဒီတော့Man Made ဆိုတဲ့အတိုင်း နောက်တစ်ခါကျတော့ လူတွေဟာအမှာကြီးကို လှအောင်လည်း လုပ်နိုင်တယ်။ ပျက်စီးအောင်လည်း လုပ်နိုင်တယ်။ အဲဒီတော့ လူ့စွမ်းအားအရင်းအမြစ်ကို အခုအချိန်မှာဆိုလို့ရှိရင်အားလုံးက တော်တော်လေးပဲ အလေးအနက် ထားပြီးတော့ ဖွံ့ဖြိုးအောင် ကြိုးစားနေကြတဲ့ အချိန်ဖြ စ်ပါတယ်။ အရင်တုန်းက ဆိုလို့ရှိရင်တော့ သ ဘာဝသယံဇာတ ပစ္စည်းတွေကို အားကိုးကြ ပေမယ့် အခုအချိန်မှာဆိုလို့ရှိရင် ယခုလက်ရှိ ဖြစ်ပေါ် တိုးတက်နေတဲ့ ခေတ်ကြီးနှင့်အညီ လူ တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို ပံ့ပိုးပေးပြီးတော့ လူ့စွမ်းအား အရင်းအမြစ်တွေကို အထူးတလည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ အချိန်ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံတော်ရဲ့ လက်ရှိကာလအခြေအနေက အရှိန်အဟုန်နဲ့သွားနေတဲ့ အချိန်မှာ ကျွန်မတို့ဆီမှာရှိနေတဲ့ လူငယ်တွေကို ၊ နောင်လာမယ့် အနာဂတ်ရဲ့ မျိုးဆက်သစ်တွေကို စိတ်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာသူတို့ရဲ့ စွမ်းရည်တွေ၊ သူတို့ရဲ့ Capacity တွေ၊ သူတို့ရဲ့ အရည်အချင်းတွေ၊အရည်အသွေးတွေ အားလုံးကို ကျွန်မတို့က ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးဖို့ အတွက် ဒီအချိန်ဟာ အင်မတန်သင့်လျော်တဲ့ အချိန်ဖြစ်ပါတယ်။ လူတွေမှာ မွေးကတည်းက ပါလာတဲ့ ဗီဇတွေအရ မှန်ကန်တာကို ကြိုက်တာ၊ တခြားမကောင်းတဲ့ အပြုသဘောဆောင်တာ၊ အပျက်သဘောဆောင်တာ အဲဒီဟာတွေက ဗီဇမှာပါလာတာ ဖြစ်ပေမယ့် တကယ် နိုင်ငံတော်ရဲ့ အကျိုးကို ထမ်းဆောင်တော့မယ့် အခါမှာ နဂိုရှိတဲ့ ဗီဇကောင်းတွေနဲ့ စိတ် ရင်းစေတနာကောင်းတွေနဲ့ နောက်ထပ်ထပ်မံလေ့လာလိုက်တဲ့ ဘဝရဲ့အတွေ့အကြုံတွေနဲ့ နောက်တစ်ခါ ကျောင်းတွေမှာ သင်အံခဲ့တဲ့ ကျောင်းတွေမှာ လေ့လာလိုက်စားခဲ့တဲ့ ပညာရပ်တွေနဲ့ အားလုံးပေါင်းပြီးတော့ ဆောင်ရွက်တဲ့အခါကျတော့ သူတို့ဟာ နဂိုဗီဇကပေးတာက လူကောင်းလေးဖြစ်ပြီးတော့ နောက်ထပ်ရတဲ့ဟာတွေမှာ ကြိုးစား လိုက်တဲ့အခါကျတော့ လူတော်ဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အတွက် လူတော်တွေ၊ လူကောင်းတွေ ပိုမိုပြီးတော့ ပွားများလာဖို့၊ ပေါ်ထွန်းလာဖို့၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာဖို့၊ နောက် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှာ အထောက်အကူ ပြုနိုင်ဖို့အတွက် လူငယ်တွေကို ကျွန်မတို့ နိုင်ငံတော်ကနေပြီးတော့ တတ်စွမ်းသ၍ တတ်နိုင် သလောက်ပံ့ပိုးပေးဖို့ လိုအပ်တယ်လို့ ယုံပါတယ်။ သစ်ပင်စိုက်တယ်ဆိုလို့ရှိရင် အဲဒီသစ်ပင်ကို ရှင်သန်ကြီးထွားဖို့အတွက် မြေဩဇာကျွေးရမယ်။

ရေလောင်းရမယ်။ ပေါင်းသင်ရမယ်။ အရိပ် တကြည့်ကြည့် ကြည့်နေရမယ်။ အဲဒီလိုပဲ ကျွန်မတို့နိုင်ငံမှာ နောင်လာမယ့်အနာဂတ်မှာ ကောင်းမွေတွေပေးနိုင်ဖို့အတွက် အခုကတည်းက ကျောင်းတွေမှာ အခု ဦးဉာဏ်လင်း အဆို တင်သွင်းထားသလိုပဲ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို Additional Subject အဖြစ် သင်ကြားပေးဖို့ ကောင်းကောင်းကို လိုအပ်တယ်လို့ ကျွန်မ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်တစ်အိ မ်မှာ နေတယ်ဆိုလို့ရှိရင် အဲဒီလူတစ်ယောက်ဟာ ကိုယ့်အိမ်အကြောင်းကို သိရမှာဖြစ်ပါတယ်။ တစ်ထပ်လား။ နှစ်ထပ်လား။ တိုက်လား။ တဲလား။ အဖေက ဘယ်လိုလဲ။ အမေက ဘယ်လိုလဲ။ ဒီအိမ်မှာ ဘယ်သူက ဦးဆောင်နေသလဲ။ ကိုယ့်ရဲ့ တာဝန်ဝတ္တရားက ဘာလဲ။ သူ့ရဲ့တာဝန်ဝတ္တရားကဘာလဲ။ အဲဒီလိုသိရမှာဖြစ်သလို လုပ်ငန်းတိုင်း၊ လုပ်ငန်းတိုင်းမှာ ကိုယ်က ကျွမ်းကျင်အောင်လေ့လာပြီးတော့ သိရှိနေရမှာ ဖြစ်ပါတယ်။ စောစောက ပြောသလို နိုင်ငံ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တိုးတက်မှုစံနှုန်းတွေ မတူတဲ့အခါမှာ ဒါဟာ လူ့စွ မ်းအား အရင်းအမြစ်တွေနဲ့ ကျနတဲ့ စီမံခန့်ခွဲမှုတွေပေါ်မှာ မူတည်ပြီး ဖြစ်သွားတာ ဖြစ်တဲ့အတွက်၊ ဖြစ်သွားတာလို့ ယုံကြည်တဲ့ အတွက်လည်း ဒါ အခု နိုင်ငံတော်ကနေ ပြီးတော့လည်း နောင်လာလတ္တံ့သော အနာဂတ်မှာ အားလုံးအခြေအနေတွေက ဖွံ့ဖြိုးဖို့၊ တိုးတက်ဖို့ လိုအပ်တာဖြစ်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၃၉၀ ပါတဲ့အတိုင်း ကျွန်မမှာ တာဝန်ရှိပါတယ်။ ဒါ ကျွန်မတို့ ဒီလို မဆောင်ရွက်ခင်ကတည်းက သစ္စာဆို ကတိပြုထားတဲ့ ပြည်သူ့ကိုယ်စား ကိုယ်စားလှယ်တွေ ဖြစ်တဲ့အတွက် ကျွန်မတို့ နောင်လာမယ့် အနာဂတ်ရဲ့ လူငယ်တွေ၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၊ ကျွန်မတို့ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်ဖို့အတွက်၊ ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာတွေ မြှင့်တင် နိုင်ဖို့အတွက်၊ သာယာဝပြောသော လူ့ဘောင်သစ်ကြီးဖြစ်ဖို့အတွက် ကျွန်မတို့က လူငယ်တွေကို နိုင်ငံတော်နှင့် နိုင်ငံသားအ ကြောင်း ကျနတဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတွေအကြောင်း အကုန်သိအောင်၊ ကမ္ဘာ့အကြောင်းမြန်မာ့အကြောင်း အားလုံး နှံ့နှံ့စပ်စပ် သိပြီးတော့ လူတော်လူကောင်းတွေ ဖြစ်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) ဦးဉာဏ်လင်း တင်ပြထားတဲ့ ပြည်ထောင်စုဝန် ကြီးဌာန အသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များ၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ်(Additional Subject) အဖြစ် သင်ကြားပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၁။**

**ဦးမှတ်ကြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း တင်သွင်းခဲ့တဲ့ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ စီမံခန့်ခွဲသော တက္က သိုလ်များ၌ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို သင်ကြားပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့လူငယ် နောင်ဝယ် လူကြီး ဟူသော စကားကဲ့သို့ပဲ လူငယ်များက အနာဂတ်ကို ပိုင်ဆိုင်တဲ့သူများ ဖြစ်ကြပါတယ်။ အခြေခံပညာအဆင့်မှာတော့ ကျွန်တော်တို့ ကလေးသူငယ်တွေကို အကျင့်စာရိတ္တကောင်းမွန်ရေး၊ စည်းကမ်းပြည့်ဝရေးနှင့် လူတော်လူကောင်းများ ဖြစ်ပေါ်စေရေးအတွက်ကို ပြည်သူ့နီတိလိုမျိုးကို သင်ကြားရမှာဖြစ်သလိုပဲ ကျွန်တော်တို့ တက္ကသိုလ်၊ ကောလိပ်မှာရောက်ကြတဲ့ တက္ကသိုလ်လူငယ်များအတွက်ကို နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ကြား ခြင်းအားဖြင့် လူငယ်များအတွက် အမျိုးသားနိုင်ငံရေး အတွေးအမြင်ကောင်း များ ရရှိစေနိုင်မှာ ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်အောင်ဆောင်ရွက်နေသကဲ့သို့ပဲ စိတ်ပိုင်း ဆိုင်ရာကိုလည်း တိုးတက်အောင်ဆောင်ရွက်ရမှာဟာ အရေးကြီးတဲ့ တာဝန်တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံရေးသိပ္ပံဘာသာရပ်ဟာ ပါတီနိုင်ငံရေးမဟုတ်ဘဲနဲ့ နိုင်ငံရဲ့အရေး၊ နိုင်ငံတော်ရဲ့ အရေးကို ဆောင်ရွက်နိုင်အောင် သင်ကြားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တက္ကသိုလ်၊ ကောလိပ်များမှာ သင်ကြားပေးခြင်းအားဖြင့် နိုင်ငံတော် တာဝန်ကို ထမ်းဆောင်သည်ဖြစ်စေ၊ မထမ်းဆောင်သည် ဖြစ်စေ၊ နိုင်ငံတော်အတွက် အတွေးအခေါ် ၊ အယူအဆကောင်းများ လူငယ်များမှာ ရရှိလာမှာ ဖြစ်ကြောင်းတင်ပြလိုပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို တက္ကသိုလ်၊ ကောလိပ်များမှာ သင်ကြားတဲ့နေရာမှာလည်း ကျွန်တော်တို့ ဒီရင်ထဲမှာ စွဲမြဲအောင် သင်ကြားပို့ချပေးခြင်းအားဖြင့် နိုင်ငံတော်ကနေပြီး တက္ကသိုလ်ကနေ မွေးထုတ်လာတဲ့ လူငယ်များဟာနိုင်ငံတော်အတွက် အရေးပါတဲ့လူငယ်များ ဖြစ်လာမှာဖြစ်တဲ့အကြောင်း ကျွန်တော် အကြံပြုချင် ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကတော့ဖြင့် ဒီ ဦးဉာဏ်လင်း တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၃။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ် ပါတယ်။ ကျွန်တော့်အနေနဲ့ အချိန်ကို လေးစားသောအားဖြင့် စတင်ပြီးတော့ ဆွေးနွေးပါမယ်။ အဲဒီတော့ ကျွန်တော် တို့ Political Science ပေါ့။ ခုန ကျွန်တော့်ရှေ့မှာလည်း ဆွေးနွေးသွားကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့က Political Science နဲ့ ဒီသမိုင်းကြောင်း၊ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်း အဲဒီနှစ်ခု က ကွဲပြားပါတယ်။ ကျွန်တော်တို့က မျိုးချစ်စိတ်ဓာတ် ရှိဖို့အတွက်ဆိုရင် ဒီအပြင် နိုင်ငံတွေမှာ ဆိုရင်လည်း သူတို့နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်သင်ပါတယ်။ အဲဒါက Political Science မဟုတ်ပါဘူး။ သူတို့ သမိုင်းကြောင်းကို ပြန်သင်ပါတယ်။ သူတို့ က ဘယ်လို သူတို့နိုင်ငံတွေကို ကာကွယ်တယ်။ ဘယ်လို တိုးတက်အောင်လုပ်လာတယ်။ ဘယ်လောက် အခက်အခဲတွေ၊ ရှေးက လူကြီးတွေ ဆောင်ရွက်ရတယ်ဆိုတဲ့ဒီအသိတရားတွေကို စွဲစွဲမြဲမြဲဖြစ်အောင်လို့ငယ်စဥ်ကတည်းက ရိုက်သွင်းပါတယ်။ ကျွန်တော်တို့ ဥပမာတစ်ခုအနေနဲ့ ဂျပန်နိုင်ငံမှာ ပြီးခဲ့တဲ့(၁)နှစ်၊ (၂)နှစ်လောက်က ဝန်ကြီးချုပ်က တရုတ်နိုင်ငံကို သွားပါတယ်။ သွားတဲ့အခါမှာ ဟိုက ဂျပန်သူရဲကောင်းတွေပေါ့နော်။ အဲဒီတုန်းကတော့ တရုတ်နိုင်ငံကို သူတို့ ဒုတိယကမ္ဘာစစ်ကတည်းက ဝင်ပြီးတော့ ကိုရီးယားတို့၊ ဘာတို့ကို နယ်ချဲ့ခဲ့တဲ့အတွက်ကြောင့် ဒီသူတို့ သူရဲကောင်းဗိမာန်ကို မသွားဖို့ ဒါ တရုတ်နိုင်ငံက

တားတယ်။ ဒါပေမဲ့ ဒီဝန်ကြီးချုပ်က သွားတယ်။ သူတို့ရဲ့ အရင်တုန်းက သူတို့နိုင်ငံကို ထူထောင်ခဲ့တဲ့ ဒါ ဂျပန်သူရဲကောင်းတွေ၊ ဒါ မျိုးချစ်ဂျပန်တွေ ဆိုပြီးတော့ ဒီလိုဆောင်ရွက်လေ့ ရှိပါတယ်။ ကျွန်တော်တို့က အဲဒီကနေပြီးတော့ မျိုးချစ်စိတ်ဓာတ်ကို မွေးယူပါတယ်။ ဒါတော်တော်များများဟာ ဥပမာ ကျွန်တော်တို့နဲ့ အနီးအနားနိုင်ငံဆိုလည်းပဲ ကျွန်တော်တို့ ဒီနိုင်ငံကနေပြီးတော့ အဲဒီနိုင်ငံကို ဘယ်လို ကျွန်တော်တို့က လုပ်ခဲ့တယ်။ သူတို့ရဲ့ စိတ်ဓာတ်တွေကို တက်ကြွအောင် ဒါကျွန်တော်တို့ သမိုင်းကြောင်းနဲ့ ဒါကြောင့်မို့လို့ ဒီ သူတို့ရဲ့ သမိုင်းစာအုပ်တွေကို ရေးတဲ့အခါမှာ တချို့နိုင်ငံတွေက ဥပမာ ဂျပန်မှာရှိတဲ့ သမိုင်းစာအုပ်ကို ရေးရင် ဟို ဘက်က တရုတ်တို့၊ ကိုရီးယားတို့ ဟာ ဒီဟာ မဖော်ပြသင့်ဘူး။ ဒီအခါမှာ စသည်အားဖြင့် ဒီလိုသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးဆိုတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ အရင်တုန်းက ဆောင်ရွက်ခဲ့တဲ့ ဟာတွေ၊ ကျွန်တော်တို့ အကြီးအကဲများရဲ့ နိုင်ငံတော်ပေါ်ကို သစ္စာရှိစွာနဲ့ ဒီဟာတွေကို သင်ကြားဖို့လိုပါတယ်။ အဲဒီတော့ Political Science ကတော့ တစ်မျိုးဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ ဗီယက်နမ်နိုင်ငံမှာလည်းပဲ သူတို့သင်ပါတယ်။ တရုတ်နိုင်ငံမှာလည်းပဲ သင်ပါတယ်။ ကျွန်တော်သိသလောက်က တရုတ်နို င်ငံကို သွားပြီးတော့ လေ့လာတဲ့ ပုဂ္ဂိုလ်တွေဆိုရင် သူတို့ပြောတယ်။ ခင်ဗျားတို့ ဆီမှာ နိုင် ငံရေးသိပ္ပံသင်ဖို့၊ ဒါပေမဲ့ သူတို့ဆီမှာ သင်တာကတော့ ရှင်းပါတယ်။ သူတို့က တစ်ပါတီစနစ်။ တစ်ပါတီစနစ်ဆိုတော့ သူတို့ရဲ့ဝါဒကိုပဲ သူတို့ သင်ကြားကြပါတယ်။ ဗီယက်နမ်မှာလည်းပဲ သူတို့ရဲ့ ဝါဒရေးရာ၊ ကျွန်တော်တို့ အရင်တုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလိုပေ့ါ။ အဲဒီတော့ ဒီ မှာကတော့ Political Science ဆိုတဲ့ အခါမှာ အင်မတန်ကျယ်ပြန့်ပါတယ်။ ဒါဟာတက္ကသိုလ်မှာလည်းပဲအရင်တုန်းကရှိခဲ့တဲ့ ဘာသာရပ်တစ်ခုပါ။ နိုင်ငံတကာမှာလည်းပဲ ရှိပါတယ်။ ဒါသည် ကျောင်းသားတိုင်းက မယူမနေရလို့ သူတို့နိုင်ငံမှာတော့ ဒါတော်တော်များများ မရှိပါဘူး ။ Political Science ကိုစိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဝင်ပြီးတော့ သင်နိုင်ပါတယ်။ ဥပမာ ဒီ Political Science မှာဆိုရင် Political Economy တွေပါမယ်။ Game Theory တွေပါမယ်။ Game Theory တွေဆိုရင် ဒီနိုင်ငံရေးအသွင်အရ တစ်ခုနဲ့တစ်ခု ဒီနိုင်ငံရေးအသွင် ပွင့်ပွင့်လင်းလင်း ကျွန်တော် ဒီမှာ ရှင်းပြရမယ်ဆိုရင်၊ တိုက်ခိုက်မယ်ဆိုလို့ရှိရင် ဘယ်လိုလုပ်မလဲ။ ဘယ်လို အစီအမံတွေ လုပ်မလဲ။ Political Activities တွေက ဘယ်လိုလုပ်မလဲ စသည်အားဖြင့် ဒီဟာတွေကအစ ပါပါတယ်။ အဲဒီတော့ Political Science Subject က ကျွန်တော်တို့အနေနဲ့ကတော့ တက္ကသိုလ်မှာ ရှိသင့်တဲ့ Subject

ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ခုနတုန်းက မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေးက တစ်ပိုင်း၊ ဒီဘက်က Political Science ကို သင်တာကတော့ တစ်ပိုင်း ခွဲခြား ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးရင်း ဒီအဆိုကို ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဌေးရယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၆။**

**ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဉာဏ်လင်း ရဲ့ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များမှာ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို ထပ်ဆော င်းဘာသာရပ်အဖြစ် သင်ကြားပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အထက်က အဆိုရှင် ဆိုခဲ့သလို မျိုးပဲ ယနေ့လူငယ် နောင်ဝယ်လူကြီး ဖြစ်လာကြမယ့် အနာဂတ် လူငယ်တွေဟာ မှန်ကန်တဲ့ မျိုး ချစ်စိတ်ဓာတ်တွေ ဖြစ်ပေါ်လာပြီးတော့ မှန်ကန်တဲ့ နိုင်ငံရေး အတွေးအခေါ်တွေ ရရှိစေဖို့အတွက် ရည်ရွယ် ပြီးတော့ ဒီအဆိုကို တင်သွင်းတယ်လို့ ကျွန်တော် ခံယူပါတယ်။ တက္ကသို လ် ကျောင်းသူ၊ ကျောင်းသားတွေဟာ အသက်(၁၆)နှစ်အရွယ်တွေ ဖြစ်ကြတဲ့အတွက် ကြောင့်မို့ စိတ်ကစားတဲ့ အရွယ် ဖြစ်ပါတယ်။ ဒီလိုအရွယ်တွေမှာ ဟိုအရင်က လိုမျိုး နိုင်ငံရေးသမားတွေရဲ့ အသုံးချမှုကို ခံယူတာမျိုးမဖြစ်ရလေအောင် ဒီလိုအချိန်အခါမှာ နိုင်ငံရေးပညာနဲ့ ပတ်သက်ပြီးတော့ စနစ်တကျ သင်ကြားပေးနိုင်ဖို့အတွက် အခုလို နိုင်ငံရေးသိပ္ပံဘာသာရပ်ကို အထူးပြု ဘာသာရပ်အဖြစ် ဆက်လက်သင်ကြားပေးနိုင်မယ်ဆိုပါက ကျွန်တော်တို့ နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ကို ရရှိစေမယ်လို့ယူဆပါတယ်။ နိုင်ငံရေးဟာ လူတိုင်းနဲ့လည်း သက်ဆိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးသမား တွေဟာ ဒေသစွဲ၊ ဘာသာစွဲ ၊ လူမျိုးစွဲ၊ ပါတီစွဲကင်းတဲ့ ၊ ယထာဘူတကျတဲ့

အစွဲကင်း နိုင်ငံရေးသမားတွေ ဖြစ် လာမှာဖြစ်ပါတယ်။ အဲဒီလို ပါတီတွေ ဖွဲ့ခြင်းဟာလည်းပဲ အင်အားစုစည်းမှုကို ဖြစ်စေပြီးတော့ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲခြင်းဟာ ပါတီစုံကို ဖြစ်စေလာမှာ ဖြစ်ပါတယ်။ ပါတီများခြ င်းဟာ အင်အားစုစည်းမှုကို အစည်းပြေ စေမှာ ဖြစ်ပါတယ်။ ပါတီစွဲခြင်းဟာ အပြုသဘောဆောင်တဲ့ သဘောကိုရှိနေပေမ ယ့်လည်း မိမိပါတီမှ အခြားပါတီရဲ့ အပြုသဘော ဆောင်ရွက်မှုကို ထောက်ခံချင်ပေမယ့်လည်းပဲ မထောက်ခံလိုတာကြောင့် နိုင်ငံတည်ဆောက်ရေးမှာ၊ နိုင်ငံ့အရေးမှာ နှောင့်နှေးစေမှာဖြစ်ပါတယ်။ နိုင်ငံရေးသိပ္ပံ အထူးပြုဘာသာရပ်ကို ဒီကလေးတွေကို သင်ကြား ပေးခြင်းအားဖြင့် ခုနက ကျွန်တော် အထက်မှာ ပြောခဲ့တဲ့ဟာလေးတွေကို သူတို့ ရှောင်ရှားနိုင်ပြီးတော့ တကယ့်နိုင်ငံ့သားကောင်းလေးတွေ ဖြစ်ပေါ်လာဖို့အတွက် ရည်ရွယ်ပြီးတော့ ဒီအဆိုကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ နိုင်ငံရေးစိတ်ဝင်စားပြီး နိုင်ငံရေးလိုက်စားလိုတဲ့ လူတွေဟာ နိုင်ငံရေးသိပ္ပံ အထူးပြုဘာသာရပ်ကို သင်ကြားပြီး နောင်အခါမှာ ဒီလို ကျွန်တော်တို့ ရွေးချယ်တဲ့ နေရာမှာလည်းပဲ နိုင်ငံရေးသိပ္ပံ အထူးပြုဘာသာရပ်နဲ့ ပတ်သက်ပြီးတော့ ကျော ်ငးပြီးတဲ့ပုဂ္ဂိုလ်တွေကို ဦးစားပေးပြီးတော့ ရွေးချယ်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့ စီမံဆောင်ရွက်မှုမှာ ပိုမိုပြီးတော့ အကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးမှာ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုးနဲ့ အပြောင်းအလဲ မကြာခဏ ဖြစ်နေတာကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကို အများကြီး နောက်ကျစေခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာပေါ်မှာ အကောင်းဆုံးနည်းစနစ်တစ်ခုကို အခြေပြုပြီးတော့ နိုင်ငံရေးသိပ္ပံ ဘာသာရပ်မှာ ထည့်သွင်းသင်ကြားပေးမယ်ဆိုရင် အစိုးရဘယ်လိုပြောင်းပြောင်း ကျွန်တော်တို့ရဲ့စနစ်ဟာ မပြောင်းလဲတဲ့ စနစ်တစ်ခုနဲ့ နိုင်ငံတည်ဆောက်ရေး စီမံကိန်းအဖြစ် ဆက်လက်ချီတက်သွားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ အရှေ့တော င်အာရှမှာ အအောင်မြင်ဆုံးသော နိုင်ငံတစ်ခုဖြစ်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က ဦးဉာဏ်လင်း ရဲ့ အဆိုကို အပြည့်အဝ ထောက်ခံပါကြောင်း ဆွေးနွေးလိုပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၄း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၁။**

**ဦးသန်းဆွေ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ မင်္ဂလာပါခင်ဗျား။ ဒီနိုင်ငံရေးသိပ္ပံလို့ခေါ်တဲ့ Political Science ဘာသာရပ်ဟာ ကျွန်တော်တို့ခေတ်တုန်းက PS လို့ အတိုကောက်ခေါ်ပါတယ်။ ဒါက သူဟာ ဝိဇ္ဇာပညာရပ်ပါ။ ဒီနိုင်ငံရေး ဘာသာရပ်ကို သိပ္ပံကျကျ Politic ကို Scientifically ဒီ Prescribe လုပ်ပြီးတော့ ခွဲခြမ်းစိတ်ဖြာပြီး သင်တဲ့ဘာသာရပ် ဖြစ်လို့ သူ့ကို Political Science လို့ခေါ်ပါတယ်။ ကျွန်တော်တို့ ခေတ် ပေါ့နော်။ ၁၉၆၂ ခုနှစ်၊ ၁၉၆၃ ခုနှစ် ဟိုလွန်ခဲ့သော နှစ် (၅၀)လောက်က တက္ကသိုလ်မှာ ကျွန်တော်တို့ သမိုင်းဌာနက အခုလို မဟုတ်ဘူး။ (၂)ခုရှိပါတယ်။ အနောက်တိုင်း Western သမိုင်းနဲ့ Eastern ဆိုတဲ့ အရှေ့တိုင်းသမိုင်း ပါမောက္ခလည်း(၂)ယောက်၊ ဌာနလည်း (၂)ခုရှိပါတယ်။ အဲဒီတော့ ကျွန်တော် တို့က ကြိုက်တဲ့ဘာသာကို အနောက်တိုင်း သမိုင်း ဘာသာရပ်ဖြစ်ဖြစ်၊ အရှေ့တိုင်း သမိုင်း ဘာသာရပ်ဖြစ်ဖြစ် သင်နိုင်ပါတယ်။ ဒီလို သင်တဲ့အခါမှာ ဘာ သာတွဲအနေနဲ့ကတော့ ဒီ အနောက်တိုင်း သမိုင်းယူယူ၊ အရှေ့တိုင်း သမိုင်းယူယူ ဒီ Political Science ဆိုတဲ့ နိုင်ငံရေး သိပ္ပံပညာရပ်ကိုတော့ ယူရတယ်။ အမှန်တော့ ဒါက သီးခြားဘာသာရပ် မဟုတ်ပါဘူး။ သမိုင်း ဘာသာရပ်ကနေ သူ့ ကို ခွဲထုတ်ပြီးတော့ စိတ်ဖြာထုတ်လိုက်တဲ့အခါမှာ ဘာသာရပ်တစ်ခုပါ။ ဟိုနေ့ကပြောတဲ့ IR ဆိုတဲ့ International Relation ကလည်း နိုင်ငံရေး သမိုင်းကနေ ခွဲထုတ် လိုက်တာပါ။ အဲဒီတော့ ဘယ်သမိုင်းကလဲ ဆိုတော့ Western History လို့ခေါ်တဲ့ Western သမိုင်းကနေ ခွဲထုတ်လိုက်ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခေတ်တုန်းကတော့ Political Science ဆိုတာဟာ ဒီ Western History လို့ခေါ်တဲ့ အနောက်တိုင်းသမိုင်းဌာနမှာ သင်ပါတယ်။ အဲဒီက ဆရာတွေ သင်ပါတယ်။ ဒီနေ့အထိ ကျွန်တော် ကြားဖူးတာကတော့ ဒီ Political Science နဲ့ ဘာသာရ ပ်ကို အထူးပြုပြီးတော့ ပါရဂူဘွဲ့ရခဲ့တာတော့ ကျွန်တော်တို့ ဆရာ ဒေါက်တာခင်မောင်ညွန့် တစ်ယောက်ပဲ ရှိပါသေးတယ်လို့ ကြားဖူးပါတယ်။ အခု နောက်ပိုင်း ရရင်တော့ ကျွန်တော် မသိပါဘူး။ တကယ့် နိုင်ငံရေးသမားကြီးတွေ၊ ကမ္ဘာ့နိုင်ငံရေးသ မားကြီး တွေရဲ့ အတ္ထုပ္ပတ္တိတွေ ဖတ်ကြည့်တဲ့အခါမှာ ဒီ Harvest တို့၊ Cambridge တို့၊ Yale တို့ အဲဒီလို တက္ကသိုလ်ကြီးတွေ က သူတို့ Political Science ဘာသာရပ်နဲ့ အထူးပြုပြီးတော့ မဟာဝိဇ္ဇာတွေ၊ ပါရဂူတွေနဲ့ ဘွဲ့ရတဲ့သူတွေချည်းဖြစ်တာ တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံရေးသမား လုပ်မယ်ဆိုရင်တော့ ကျွန်တော်ထင်ပါတယ်။ ဒီဘာသာရပ်က ယူကိုယူသင့်တဲ့ ဘာသာရပ်ပါပဲ။

ကျွန်တော်တို့ခေတ်ကတော့ များသောအားဖြင့် ဒီဘာသာရပ်ကို Double History လို့ခေါ်တဲ့ အရှေ့တိုင်းရော၊ အနောက်တိုင်းရော သမိုင်းကိုယူတဲ့သူတွေက တွဲပြီးတော့ ယူပါတယ်။ တစ်ခါ Philosophy လို့ခေါ်တဲ့ ဒဿနိကဗေဒ နဲ့ Western History ခေါ်တဲ့ အနောက်တိုင်းသမိုင်းနဲ့လည်း တွဲပြီးယူပါတယ်။ ကျွန်တော်တို့ ခေတ်တုန်းက လွန်ခဲ့သော နှစ် (၄၀)(၅၀) ပြောတာပါ။ အစိုးရ ဝန်ထမ်း လုပ်မယ့်သူတွေဟာ များသောအားဖြင့် B.Cs ဖြေမယ့်သူတွေဟာ B.A အောင်အောင်၊ B.Sc အောင်အောင်၊ B.Sc အောင်တဲ့သူတွေကလည်း B.A ပြန်ယူပါတယ်။ အဲဒီတော့ သူတို့က B.A, B.Sc, B.Cs အဲဒီလို ဒါမှ ဝန်ထမ်းကောင်းဖြစ်တယ်လို့ သူတို့အထင်နဲ့ ယူဆတယ် တူပါတယ်။ အဲဒီလို ယူတဲ့သူတွေက Political Science ကို သင်ကိုသင်ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့သင်တဲ့ ဒီ Political Science လို့ခေါ်တဲ့ နိုင်ငံရေးသိပ္ပံဟာ ဒီ ကမ္ဘာ့ ခေါမ၊ ရောမ ခေတ်က နိုင်ငံရေးအတွေးအခေါ် အဲဒါတွေပဲသင်ပါတယ်။ ကျွန်တော်တို့ခေတ်က မြန်မာ့သမိုင်းက တက္ကသိုလ်မှာ မသင်ပါဘူး။ ဒေါက်တာသန်းထွန်း ပြန်လာမှ သူ ယူပြီးသင်လို့ မြန်မာ့သမိုင်း ပေါ်လာပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ခေတ်ကုန်လို့ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ် ရောက်တယ်။ ရောက်တော့ ဒီ ကျွန်တော်တို့ နိုင်ငံရေးသင်တန်းတွေ မှော်ဘီမှာ လုပ်တဲ့ နိုင်ငံရေး သင်တန်းတွေ၊ မဂ်လာဒုံမှာလုပ်တဲ့ သင်တန်းတွေမှာမှ အဲဒီ Poiltical Science နိုင်ငံရေးသိပ္ပံ သင်တဲ့အခါမှ ဒီ မြန်မာ့နိုင်ငံရေးသမိုင်း ထည့်သွင်းပြီး သင်လာတာ တွေ့ရပါတယ်။ အဲ ဒီတော့ အခု ဦးဉာဏ်လင်း တင်သွင်းတဲ့အဆိုမှာ ဒီတက္ကသို လ်ဘာသာရပ် ပြည်ထောင်စု ဝန်ကြီးဌာန အသီးသီးက စီမံခန့်ခွဲတဲ့တက္ကသိုလ်များမှာ နိုင်ငံရေး သိပ္ပံဘာသာရပ်ကို Additional Subject အနေနဲ့သင်ရမယ်ဆိုတော့ ဦးဉာဏ်လင်းတို့ ခေတ်ကတော့ ဒီ ရေဆင်းတက္ကသိုလ်မှာ သင်တယ်လို့ သိရတာ ကျွန်တော်တော့ အခုမှပဲ ကြားဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီ ဦးဉာဏ်လင်း အဆိုကို လုံးဝမထောက်ခံပဲ ခြွ င်းချက်ကလေးနဲ့ ထောက် ခံချင်ပါတယ်။ ဒီဘာသာရပ်က ဝိ ဇ္ဇာ ဘာသာရပ်ဖြစ်လို့ တက္ကသိုလ် အသီးသီးတိုင်း မှာ Additional Subject အနေနဲ့ သင်မယ်ဆိုရင် ဟိုတုန်းကလည်း တစ်ချိန်က သင်ခဲ့ ပါတယ်။ နည်းနည်း မနှစ်သက်ကြပါဘူး ။ တစ်ချို့က တို့နဲ့ မဆိုင်ဘူးလို့ ထင်ပါတယ်။ အဲဒီတော့ ဒါကို ဒီ ဝန်ကြီးဌာနအသီးသီးက စီမံခန့်ခွဲတဲ့ တက္ကသိုလ် တွေမှာ အထူးသဖြင့် ဝိဇ္ဇာဘာသာရပ်နဲ့ဆိုင်တဲ့ တက္ကသိုလ်တွေ ပေါ့နော်။ စီးပွားရေးတ က္ကသိုလ်၊ ဥပဒေတက္ကသိုလ် စသဖြင့် ဒီလိုတက္ကသိုလ်တွေမှာ သင်သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ သင်လည်း သင်သင့်ပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲ ယူဆယူဆ တက္ကသိုလ်တိုင်းမှာ သင်ပေးနိုင်ရန်

တော့ Additional Subject အနေနဲ့ကတော့ သင်သင့်တဲ့ ဘာသာပါပဲ။ ခုလို ကျွန်တော်တို့ နိုင်ငံရေး ဒီမိုကရေစီနဲ့ နိုင်ငံရေးလွှတ်တော်တွေ၊ ဘာတွေနဲ့ သွားနေတဲ့အခါမှာ ဒီဘာသာရပ်တွေရဲ့ Knowledge အသိဉာဏ်ရှိကြမယ်ဆိုရင် ကျွန်တော်တို့ အင်မတန်မှတော်တဲ့ နိုင်ငံရေးသမားတွေ ဖြစ်လာမှာပါပဲ၊ ကျွန်တော်တို့နိုင်ငံမှာကိုရှေးတုန်းက နိုင်ငံရေးဆော် ဒီနိုင်ငံရေးသမားကြီးတွေလည်း သူတို့တော့ ကျွန်တော် ထင်တယ်။ ဒီဘာသာရပ်က ဗမာပြည်မှာတော့ သင်မယ်လို့ မထင်ပါဘူး။ နိုင်ငံခြားက ပြန်လာရင်တော့ သင်ဖူးလျှင် သင်ဖူးပါလိမ့်မယ်။ ဒါပေမဲ့လည်း သူတို့ ဒီဘာသာရပ်ကို လေ့လာပြီးတော့ တတ်မြောက်ကြတယ်၊ နားလည်ကြတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် အခု ဦးဉာဏ်လင်း ရဲ့ အဆိုကို ကျွန်တော်ကတော့ တက္ကသိုလ်တိုင်းမှာ Additional Subject အနေနဲ့ သင်နိုင်လျှင်တော့ ကောင်းပါတယ်။ အာလုံးက လက်ခံလျှင်လည်း ကောင်းပါတယ်။ သို့သော်လည်း ခြွင်းချက် ကလေးနဲ့ ဝိဇ္ဇာတက္က သိုလ်များတွင်သာ သင်ကိုသင်ရမယ်ဆိုရင်တော့ ပိုပြီး သင့်လျော်မယ်လို့ တင်ပြရင်း ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၈။**

**ဦးဝင်းမောင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ရဲ့အဆိုဖြစ်တဲ့ ပြည်ထောင်စု ဝန်ကြီးဌာန အသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များ၌နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ် (Additional Subject) အဖြစ် သင်ကြားပေး နိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်းကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင် က ဆွေးနွေးတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သတိပြုမိတာကတော့ တော်တော်များများဟာ နိုင်ငံရေးရဲ့ သဘောသဘာဝ၊ နိုင်ငံ ရေးသိပ္ပံရဲ့ သဘောသဘာဝကို အသိလွဲမှားနေကြပါတယ်။ ပါတီတစ်ခုဝင်ပြီးတော့ အဲဒီပါတီကိစ္စ ဆောင်ရွက်

တာကို နိုင်ငံရေးလို့ သိ  နေကြပါတယ်။ အုပ်ချုပ်သူ  လူတန်းစား၊ နိုင်ငံ တော်အစိုးရကို အပြစ်ထောက်ပြတာကို နိုင်ငံရေးလို့  သိနေကြပါတယ်။ အဲဒီအုပ်ချုပ်သူ လူတန်းစား နိုင်ငံတော်အစိုးရကို ပြန်လည်ဆန့်ကျင်တိုက်ခိုက်နေတာကို နိုင်ငံရေးလုပ်တယ်လို့ သိနေကြပါတယ်။ တကယ်တော့ နိုင်ငံရေးပညာဆိုတာ နိုင်ငံရဲ့အကြောင်းအရာတွေကို လေ့လာတဲ့ သိပ္ပံပညာရပ်ဖြစ်ပါတယ်။ နိုင်ငံရေး  ပညာဆိုတာ နိုင်ငံတော်အကြောင်း၊ ဥပဒေ  အကြောင်းနဲ့ လူမှု  ကိစ္စအကြောင်းကို လေ့လာတဲ့  ပညာပဲဖြစ်တယ်လို့ ကျွန်တော်တို့ နားလည်  ပါတယ်။ ဒါကြောင့် နိုင်ငံရေးဆိုတာဟာ နိုင်ငံ့အရေးအရာ နိုင်ငံတော်ရဲ့ အရေးကိစ္စ၊ နိုင်ငံ့အရေးဟာ အမျိုးသားရေးဖြစ်တဲ့အတွက် ဒါကတော့ လူတိုင်းသိသင့်ပါ တယ်။ ကျောင်းသား၊ ကျောင်းသူများလည်း သိသင့်ပါတယ်လို့ ကျွန်တော်ယူဆပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်ကိုပေါင်းပြီးတော့ ရန်ကုန်တက္ကသိုလ် လို့ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ အဲဒီတုန်းက သမိုင်းဌာနနဲ့ ပူးပေါင်းပြီးတော့မှ Political Science ဆိုတဲ့ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ခဲ့ပါတယ်။ ခုနဆရာကြီး ဦးသန်းဆွေ လည်းပဲ တင်ပြသွားပါတယ်။

လေးစားအပ်ပါသော  အမျိုးသားလွှတ်တော်  ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်များမှာ နိုင်ငံရေးသိပ္ပံ ပို့ချမှုနဲ့ ပတ်သက်လို့ ကျွန်တော်ကိုယ်တွေ့ကို ဖော်ပြပြီးတော့ ဆရာ  ဦးဉာဏ်လင်းရဲ့ အ ဆိုကို ထောက်ခံပါရ စေ။  ကျွန်တော်တင်ပြတဲ့အခါမှာ အင်္ဂလိပ် ဝေါဟာရများ  ပါတာကိုလည်းပဲ ခွင့်ပြုပါလို့ လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော် မန္တလေးတက္ကသိုလ်မှာ ဥပစာဝိဇ္ဇာအတန်းကို ၁၉၅၉ ခုနှစ်မှာ စတင်ပါတယ်။ အဲဒီတုန်းက ဆရာဦးသန်းဆွေ တင်ပြ သလိုပါပဲ။ ကျွန်တော်တို့  သမိုင်းသင်ရပါတယ်။ သမိုင်းမှာ အရှေ့တိုင်းသမိုင်း  Eastern History ၊ အနောက်တိုင်းသမိုင်း၊ Western History  လို့ သင်နေပါတယ် ။ သမိုင်းဌာနကပဲ  Political Science  ကို  အင်္ဂလိပ်ဘာသာရပ်နဲ့ပဲ သင်ပေးပါတယ်။ ဒါက  Political Science ကို သီးခြားဌာန မခွဲနိုင်သေးလို့  သမိုင်းဌာနက သင်ပေးခဲ့တာပါ။ မန္တလေးတက္ကသိုလ်မှာဆိုရင်တော့ ကျွန်တော်တို့ ကျောင်းသားဘဝက ဒေါက်တာ  မောင်မောင်ကြီး က  Political Science  ကို စတင်ပြီးတော့မှ သင်ကြားပေး  ခဲ့ပါတယ်။ နောက်ဘာရှိသေးလဲဆိုရ  င် စိ  တ်ပညာဌာနဆိုတဲ့ Psycholo gy Department ရှိပါတယ်။ နောက် Philosophy ဆိုတဲ့ ဒဿနိကဗေဒဘာသာရပ်ရှိပါတယ်။ အဲဒီတော့ စိတ်  ပညာမှာ ကျွန်တော်တို့  Psycholo gy (p)နဲ့ စပါတယ်။ နောက် ဒဿနိကဗေဒမှာ  Philosophy က (P) နဲ့ စသလို  Political Seience က (p) နဲ့ စပါတယ်။

အဲဒီ ဘာသာ(၃)ဘာသာတွဲ ယူလို့ရှိရင် Triple p ဆိုပြီး တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသား လောကမှာ တော်တော်ကိုပဲ ဂုဏ်ရှိပါတယ်။ ခက်လည်းခက်ပါတယ်။ လေးလည်းလေးနက်ပါတယ်။ အင်္ဂလိပ်လိုလည်းပဲ ဖြေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျောင်းသူ ကျောင်းသား ဘဝတုန်းက Triple P ဆိုယူတဲ့သူကို ကျွန်တော်တို့ မော့ကို ကြည့်ခဲ့ရတဲ့ အခြေအနေမျိုး ရှိခဲ့ ပါတယ်။ အဲဒီလို ကျွန် တော်တို့ Political Seience ဟာ တက္ကသိုလ်များမှာ သင်ကြားပေးခဲ့ တာ ရှိပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ရောက်လာတဲ့အခါကျတော့ တက္ကသိုလ်၊ဒီဂရီကောလိပ် များမှာ နိုင်ငံရေးသိပ္ပံဌာနများ ဖွင့်ပြီးတော့မှ သင်ကြားပို့ချပါတယ်။ ဆရာကြီးဉာဏ်လင်း ဆွေးနွေး တဲ့အချက်နဲ့ ဆက်စပ် ပြီးတော့ ဆက်လက်ပြီးတော့ တင်ပြပါ့မယ်။ အခြား ဘာသာရပ်များမှာ သင်ကြားနေတဲ့ ဆရာ၊ ဆရာမများ၊ နောက် ပြင်ပမှ ပုဂ္ဂိုလ်များကို ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာ နိုင်ငံရေးသင်တန်း ပို့ချပါတယ်။ သူတို့ကို န ည်းပြဆရာသင်တန်းလို့ နာမည်ပေးထားပါတယ်။ အဲဒီက အောင်မြင်လာ တယ်၊ တတ်မြောက်လာ ပြီဆိုလို့ရှိရင်တော့ တက္ကသိုလ်များမှာ နိုင်ငံရေး သိပ္ပံဌာနများဖွင့်ပြီးတော့ သူတို့ နိုင်ငံရေးသိပ္ပံဘာသာရပ်များ ပို့ချပါတယ်။ ထိုခေတ် ထိုအခါ ကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျောင်းသား ၊ ကျောင်းသူများကို သင်ပေးတာဟာ ဆိုရှယ်လစ်စနစ်ကိုပဲ အဓိကထားပြီးတော့ သင်ကြားပါတယ်။ သို့သော် အခြေခံခဲ့တာကတော့ ကမ္ဘာဦးသမိုင်းက စပြီးတော့ သင်ကြားပေးခဲ့တာကို သိရပါတယ်။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား တွေဟာ တစ်ချိန်မှာ ဌာနဆိုင်ရာများမှာ အဓိကတာဝန်များ ယူကြရမည့်ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမယ့် နိုင်ငံ့ခေါင်းဆောင်လောင်းတွေလည်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် တက္ကသိုလ် ကျောင်းသူကျောင်းသားတွေဟာ ကျောင်းသားဘဝကတည်းက နိုင်ငံရေးအမြင်ရှိဖို့၊ နိုင်ငံရေးခံယူချက်ရှိဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စု မပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင်၊ အချု ပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဖို့ ကျောင်းသား ၊ ကျောင်းသူများ အသိစိတ်ဓာတ် ကိန်းအောင်းနေဖို့ လိုပါတယ်။ အဲဒီလို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေကို နိုင်ငံရေးသိပ္ပံဘာသာရပ် ကနေပြီးတော့ မွေးမြူပေးနိုင် လိမ့်မယ်လို့ ကျွန်တော် တို့ မျှော်လင့်ပါတယ်။ ဒါကြောင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ နိုင်ငံရေးဘာသာရပ်များ၊ ဌာနများ ဖွင့်လှစ်သင့်ပါတယ်။ တက္ကသိုလ် ဆရာ၊ ဆရာမများနဲ့ လိုအပ် ပါက ပြင်ပမှ နိုင်ငံရေးပညာရှင်များကိုသင်တန်းပို့ချစေပြီးတော့ နိုင်ငံရေးသိပ္ပံ ဆရာ၊ ဆရာမများ

အဖြစ် ခန့်ထားသင့်ပါတယ်။ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကို ပါတီစုံဒီမိုကရေစီခေတ်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ကြားပေးသင့်ပါတယ်လို့ အကြံပြုတင်ပြရင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဆရာဦးဉာဏ်လ င်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (ကြိဘာသံများ)

**အချိန်၊ ၁၄း၅၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးခွင့်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ဒေါက်တာမောင်မောင် ရေးတဲ့ စာအုပ်တစ်အုပ်ထဲမှာဖတ်ဖူးတာ ကျွန်တော်တို့ အင်္ဂလိပ်ခေတ်တုန်းက သူတို့ ဥပဒေပညာ သင်တဲ့အချိန်မှာ ဒီအင်္ဂလိပ်အစိုးရက နိုင်ငံရေးနဲ့ပတ်သက်တဲ့ ဥပဒေ သင်ခွင့်မပြုတဲ့အကြောင်းကို ဖော်ပြတာတွေ့ခဲ့ပါတယ်။ ဘာလို့လဲ ဆိုတော့ ဒီပြည်သူတွေကို သူ တို့က ကြောက်နေတဲ့သဘော ရှိတယ်။ အဲဒီလိုမျိုး အကြောက်လွန်ရောဂါ သို့မဟုတ် ဒီသံသယလွန်ရောဂါတွေလည်း ကျွန်တော်တို့ တိုင်းပြည်မှာ မထားသင့်ပါဘူး။ Politic နိုင်ငံရေးဆိုတာ အမှန်မှာဆိုရင် ကောင်းတဲ့ဘာသာတစ်ခု ဖြစ်ပါတယ်။ သူက ပြင်သစ်ဘာသာစကား Police ဆိုတဲ့ စကားလုံးကနေ လာတာဖြစ်ပါတယ်။ ဒီမြို့ပြပေါ့။ Europe ရဲ့ စကားလုံးတွေက အချင်းချင်း နီးစပ်မှုရှိတဲ့အတွက် ရှေးရှေးတုန်းက Greece ဆိုရင် City State တွေ များတဲ့အတွက်ကြောင့် ဒီ Police ဆိုတာ City မြို့နိုင်ငံပေါ့။ Politics ဆိုတာ နိုင်ငံ့ရဲ့ အရေးပေါ့။ နိုင်ငံရဲ့ အကြောင်းဆိုတော့ ဒါကောင်းတဲ့ ဒီဘာသာရပ် ဖြစ်ပါတယ်။ သို့သော် ဒီတ ချို့တွေရဲ့ အလွဲ သုံးစားမှုကြောင့် တချို့တွေက နိုင်ငံရေး ဆိုရင်လည်း မကောင်းဘူး။ နိုင်ငံရေးသမား ဆိုရင်လည်း ကြောက်ရမယ့်ပုံစံလိုလို မြင်တဲ့လူလည်း ရှိပါတယ်။ ဒါကတော့ မမှန်ပါဘူး။ ဒီ နိုင်ငံရေးဆိုတာ ကောင်းတဲ့ ဘာသာရပ် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လူငယ်တွေ၊ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ ဒီပြည်သူ လူထုတွေက အမြ င်မှန်၊ အတွေးအခေါ်မှန်ရှိဖို့ လိုပါတယ်။ ဒါကြောင့် ဒီ Subject က တက္ကသိုလ်တွေမှာ သင်ပေးသင့်တဲ့ ဘာသာရပ်တစ်ခု ဖြစ်ပါတယ်ဆိုတာလည်း ကျွန်တော် တင်ပြလိုပါတယ်။ အဆိုရှင် ဦးဉာဏ်လင်း က အဆို တင်သွင်းသလို ကျောင်းတိုင်းမှာ Additional Subjects အနေနဲ့ မသင်ပေးနိုင်ရင်

တောင်မှာ ဦးသန်းဆွေ ပြောသလိုပေါ့၊ ဒီ Elective သဘော Subjects တိုင်းမှာ ဒီ Compulsory Subjects တွေအပြင် ဒီ Elective ဖြစ်တဲ့ Elective Subjects တွေကို များများ ရွေးချယ်ပိုင်ခွင့် အများကြီးပေးလို့လည်း ဖြစ်ပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒီလိုမျိုး တချို့ကျောင်းသား တွေမှာ စိတ်ဝင်စားတဲ့ သူတွေအတွက် ပိုပြီးတော့ ဒါ Specialized လုပ်စေချင်ပါတယ်။ ဒါကို ကျွမ်းကျွမ်းကျင်ကျင် ကျွန်တော်တို့လုပ်မှုလည်း ကျွန်တော်တို့ တိုင်းပြည်ကို ကောင်းကောင်းလေး ပိုပြီးတော့ Manage လုပ်နိုင်အောင်ဆိုပြီးတော့ စိတ်ဝင်စားတဲ့ သူတွေအတွက် ရှိရင်လည်း ဒီဘာသာရပ်နဲ့ ဘွဲ့ရတဲ့အထိ ဒီ Specialization Subject တစ်ခု၊ International Political Economy Subject ပုံစံမျိုးပဲဖြစ်ဖြစ်၊ သူနဲ့သက်ဆိုင်တဲ့ ဒီ ဘာသာရပ်နဲ့ ဘွဲ့ရနိုင်တဲ့အထိလည်း တက္ကသိုလ်တွေမှာ စီစဉ်ဆောင် ရွက်ပေးသင့်ပါတယ်လို့ ကျွန်တော် တိုက်တွန်းရင်း နိဂုံးချုပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၇။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၇။**

**ဦးအောင်ငြိမ်းမကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ငြိမ်း ပဲ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဉာဏ်လင်း ရဲ့ ပြည် ထောင်စုဝန်ကြီး ဌာနအသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များ၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ထပ်ဆောင်း ဘာသာရပ်အဖြစ် သ င်ကြားပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်လို့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား၊ နိုင်ငံရေးသိပ္ပံလို့ လူအများသိကြတဲ့ နိုင်ငံရေး ပညာရဲ့ ဝေါဟာရရဲ့ အနက် အဓိပ္ပာယ်ကို ပညာရှင်အသီးသီးက အမျိုးမျိုး ဖွင့်ဆိုကြပါတယ်။ ဒါပေမဲ့ အများစုကလက်ခံတဲ့ အနက်အဓိပ္ပာ ယ်ကတော့ နိုင်ငံရေးပညာဆိုတာ နိုင်ငံရေး

အကြောင်းအရာများကို လေ့လာသော သိပ္ပံပညာရပ် ဖြစ်ပါတယ်။ နိုင် ငံရေးပညာရပ်ဟာ နိုင်ငံတော်က ပြဋ္ဌာန်း အတည်ပြုလိုက်သော ဥပဒေများအလိုက် နိုင်ငံသားတို့ တစ်ဦးနှင့် တစ်ဦး မည်သို့ ဆ က်ဆံကူးလူးနေကြပုံ၊ နိုင်ငံသားသည် နိုင်ငံတော်နှင့် တစ်ဦးချင်းအနေနှင့် သော် လည်းကောင်း၊ နိုင်ငံသားတစ်စုအနေနှင့်သော်လည်းကောင်း မည်သို့ ဆက်သွယ်နေပုံ၊ နို ငံငံ တစ်နိုင်ငံဟာ အခြားတစ်နိုင်ငံနှင့် မ ည်သို့ဆက်သွယ်နေပုံကို လေ့လာတဲ့ပညာရပ်ပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုပါက နိုင်ငံရေးပညာဟာ နိုင်ငံတော်အကြောင်း၊ ဥပဒေအကြောင်း၊ လူမှုကိစ္စ အကြောင်းတို့ကို လေ့လာသော ပညာရပ်တစ်ခု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘီစီ (၅)ရာစုနှစ် ခန့်က ဂရိလူမျိုး အတွေးအခေါ်ပညာရှင်များဖြစ်တဲ့ ဆိုကရေးတီး နဲ့ ပလေတို တို့ဟာ အေသင် မြို့သား လူငယ်များကို နိုင်ငံရေးပညာကို စတင်ပို့ချခဲ့ပါတယ်။ ၎င်းနောက် အတွေးအခေါ်ပညာရှင် အရစ္စတိုတယ် က နိုင်ငံရေးပညာရပ်ကို ပိုမိုတိကျစေရန် မွမ်းမံခဲ့တယ်လို့ အထောက်အထား ရှိခဲ့ပါတယ်။ မြန်မာမင်းများလက်ထက်က ဘုန်းတော်ကြီးကျောင်းများဟာ မြန်မာတက္ကသိုလ်များပင် ဖြစ်ကြပါတယ်။ အနောက်တိုင်း အယူအဆတိုင်း သင်ကြားပို့ချတဲ့ တက္ကသိုလ်ပညာရေးကို ၁၈၇၈ ခုနှစ်မှာ စတင်ခဲ့တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။ ၁၈၈၄-၈၅ ခုနှစ်မှာ ရန်ကုန်ကောလိပ်၊ ၁၉၀၄ ခုနှစ်မှာ အ စိုးရကောလိပ်၊ ၁၉၂၀ ပြည့်နှစ်မှာတော့ တက္ကသိုလ် ၊ ကောလိပ်ဆိုပြီး အသီးသီး ပေါ်လာခဲ့ပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာတော့ ရန်ကုန်ကောလိ ပ်နဲ့ ခေတ်ပြိုင်ပေါ်လာတဲ့ ဂျပ် ဆင် ကောလိပ်ကို (၂)ခုပေါင်းပြီး ရန်ကုန်တက္ကသိုလ်လို့ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ပညာရှင်များရဲ့ အဆိုအရ ထိုစဉ်က သမိုင်းကဏ္ဍရဲ့ကွပ်ကဲမှုနဲ့ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ကြားပို့ချခဲ့ကြောင်း သိရပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တဲ့ ၁၉၄၈ ခုနှစ်မှစပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ အနေနဲ့ ပညာရေးစနစ်ကို ပြည်လည်ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်၊ တက္ကသိုလ် ပြင်ဆင်ချက် အက်ဥပဒေအရ ရန်ကုန်တက္ကသိုလ် အက်ဥပဒေအဟောင်းကို ပြင်ဆင်မှုများဖြင့် ပြန်လည် အသက်သွင်းပေးခဲ့ရာ ၎င်းနှစ်မှစပြီးတော့မှ ရန်ကုန်တက္ကသိုလ်ဟာ သီးခြား ကိုယ်ပိုင် အုပ်ချုပ်ရေးရသော အဖွဲ့အစည်းအဖြစ် ပြန်လာပါတယ်။ စစ်ပြီးခေတ်မှာတော့ ရာဇဝင် ဌာန တစ်နည်းအားဖြင့် သမိုင်းဌာန ကနေပြီးတော့ အနောက်တိုင်းနဲ့ အရှေ့တိုင်း ဆိုပြီး ခွဲခြားလိုက် ပါတယ်။ နိုင်ငံရေးသိပ္ပံဘာသာရပ်ကိုတော့ အနောက်တိုင်း Western History မှ တာဝန်ယူ သင်ကြားပို့ချခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ပြည်သူ့ကောင်စီခေတ်တစ်လျှောက် လုံးမှာ ဗဟိုနိုင်ငံရေးသိပ္ပံကိုမင်္ဂလာဒုံမှာ စတင်ဖွင့်လှစ်ပြီး နိုင်ငံရေးသဘောတရားသင်တန်းများကို

ဖွင့်လှစ်ခဲ့ပါတယ်။ နောင်မှာတော့ ဗဟိုနိုင်ငံရေးတက္ကသိုလ်ဆိုပြီးတော့ အဆင့်မြှင့်ကာ ဆက်လက် ဖွင့်လှစ်သင်ကြားပို့ချခဲ့ပါတယ်။ ဒါပေမဲ့ ထိုစဉ်က ဗဟိုနိုင်ငံရေးတက္ကသိုလ် တက်ရောက်သင်ကြား ခွင့်ရသူများဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်များ ဖြစ်ပြီးတော့မှ ကမ္ဘာ့ အတွေးအခေါ် ပညာရပ်များ၊ သဘော တရားရေးရာများ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်နဲ့ ကိုက်ညီမယ့် နိုင်ငံရေး အယူအဆများကို သင်ကြားပို့ချခဲ့ပါတယ်။ ၁၉၇၄ ခုနှစ် ပြည်သူ့ကောင်စီခေတ်ကို ရောက်တဲ့ အခါမှာတော့ တက္ကသိုလ်ကောလိပ်မှာ နိုင်ငံရေးသိပ္ပံဌာနများ သီးခြားထားရှိပြီးတော့ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ ကိုက်ညီမယ့် နိုင်ငံရေးပညာရပ်များကို ကျောင်းသူ၊ ကျောင်းသား များက သင်ယူခွင့်ရရှိခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ်မှစပြီး ယနေ့အထိ နိုင်ငံရေးသိပ္ပံပညာရ ပ်ကို လုံးဝထိတွေ့ခွင့်မရရှိခဲ့တော့ပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့သမိုင်းကို ဆန်းစစ်ကြည့်ပါက အကြမ်းဖျဉ်းအားဖြင့် ရှေးမြန်မာမင်းများခေတ်၊ ကိုလိုနီနယ်ချဲ့ခေတ် (၁၈၈၅-၁၉၄၈)ခုနှစ်၊ လွတ်လပ်ရေးရပြီးခေတ် (၁၉၄၈-၁၉၆၂)ခုနှစ်၊ တော်လှန်ရေးကောင်စီခေတ် (၁၉၆၂-၁၉၇၄)ခုနှစ်၊ ပြည်သူ့ကောင်စီခေတ် (၁၉၇၄-၁၉၈၈)ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ် (၁၉၈၈-၁၉၉၅)ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ် (၁၉၉၅-၂၀၁၁)ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ခေတ် လက်ရှိကာလ အကြမ်းအားဖြင့် သတ်မှတ်နိုင်ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အဖြစ် မိမိအချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ရုံသာမက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ဖြင့် ခန့်ထည်စွာ သမ္မတ နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ယခုအခါ ဒီမိုကရေစီလမ်းကြောင်းပေါ် ကို ရောက်ရှိနေ သည်မှာ အများအသိပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရင်း ပြုပြင်သင့် သည်များကို ပြုပြင် ပြောင်းလဲလျက်ရှိပါတယ်။ အထူးသဖြင့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု များမှာ ပို၍သတိပြု လာမိမှာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကပင် Humam Resources Development ဖြစ်တဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဘာသာရပ်အမျိုးမျိုး ပြဋ္ဌာန်းခဲ့တာ ယခုအထိတည်ရှိနေဆဲ ဖြစ်ပါတယ်။ မြန်မာ နိုင်ငံ၏ တက္ကသိုလ်ပညာရေးမှာ Political Science လို့ အများသိရှိနေကြတဲ့ နိုင်ငံရေး သိပ္ပံ ဘာသာရပ်မှာ ကျောင်းသား၊ ကျောင်းသူများနဲ့ အလှမ်းဝေးနေသည်မှာ ကြာမြင့်ပြီဖြစ် ကြောင်း လေ့လာတွေ့ရှိရပါတယ်။ လွတ်လပ်ရေး မတိုင်မီခေတ်က ကိုလိုနီခေတ်မှာပင် နိုင်ငံရေးသိပ္ပံ

ဘာသာရပ်ကို ကျောင်းသားများ လက်လှမ်းမီခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးခေတ်မှာလည်းပဲ နိုင်ငံရေးသိပ္ပံဘာသာရပ်ကိုသင်ယူခွင့်ရရှိခဲ့ကြပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်အခါဖြစ် နိုင်ငံရေးပါတီ တစ်ပါတီစနစ် အဝန်းအဝိုင်းမှပင် ဗဟိုနိုင်ငံရေးတက္ကသိုလ် ဖွင့်လှစ်ပြီး တက္ကသိုလ်နဲ့ ကောလိပ်အသီးသီးမှာ သင်ယူခွင့်ရရှိခဲ့ကြပါတယ်။ ထိုစဉ်က နိုင်ငံရေးသိပ္ပံဘာသာရပ်ဟာ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ကို အထောက်အကူပြုရေးသက်သက်ပဲ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံ အသီးသီးရဲ့ တက္ကသိုလ်နဲ့ ကောလိပ်အသီးသီးမှာတော့ ယခုထက်တိုင် နိုင်ငံရေးသိပ္ပံဘာသာရပ်မှာအမှုးမှိန်ခြင်း မရှိဘဲအရှိန်ရရှိနေပြီဖြစ်ပါတယ်။ နောင်အနာဂတ် မျိုးဆက်သစ်လူငယ်များကိုနိုင်ငံရေးဆိုသည်မှာ မြင့်မြတ်တဲ့ဘာသာရပ်ဖြစ်ပြီး နိုင်ငံအတွက် အကျိုးရှိသည့် ဘာသာရပ်ဖြစ်ကြောင်းကို စနစ်တကျ နားလည်စေချင်ပါတယ်။ လူထုကို အုံကြွအောင် လုပ်ပြီးမှ တစ်ကိုယ်တော် အင်အားပြ နိုင်ငံရေး ကိုမှ နိုင်ငံရေးလို့ ထင်တတ်ကြတာမျိုး မရှိသင့်တော့ပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားဝတ်နေရေး အရေး(၃)ပါးဟာလည်းပဲ နိုင်ငံရေးဖြစ်ပါတယ်။ စမွေးသည်ကနေ သေသည်အထိ ရုန်းကန်လှုပ်ရှားနေတာဟာလည်း နိုင်ငံရေးပဲ ဖြစ်ပါတယ်။ အရေးအရာ အားလုံးသည် နိုင်ငံရေးမှာပဲ ဦးခိုက်တည်ရှိ ဆဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေး ဆိုတာ သိမ်မွေ့ပါတယ်။ မွန်မြတ်ပါတယ်။ ကျွန် တော်တို့ရဲ့ နောင်လာနောက်သား အနာဂ တ် လူငယ်များ၊ မျိုးဆက်သစ်များ နိုင်ငံရေးကို မွန်မြတ်သောစိ တ်ဖြင့် ခံယူလေ့လာစေခြင်းဟာ အနာဂတ် မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်ကောင်းများကို မွေးထုတ်ပေးရာ ရောက်ပါတယ်။ သို့ပါ၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍတွင် ကျောင်းသား၊ ကျောင်းသူများအား စစ်မှန်သော နိုင်ငံရေးအသိစိတ်ဓာတ် ပြည့်ဝစေရန်နှင့် နိုင်ငံရေးအတွေးအခေါ်များ ရင့်သန်လာ စေဖို့အတွက် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ကျွန် တော့်အနေနဲ့ တင်ပြရမယ်ဆိုပါက အခြေခံပညာ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် အဆင့်အလိုက် သင်ကြားပို့ချသင့်ကြောင်းနဲ့အထူးသဖြင့် တက္ကသိုလ်အဆင့်မှာ နိုင်ငံရေးသိပ္ပံဌာနကြီးတစ်ခု ဖွင့်လှစ်ပြီးထပ်ဆောင်း ဘာသာရပ်အဖြစ် စနစ်တကျ သင်ကြားပို့ချနိုင်ရေးအတွက် ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဉာဏ်လင်း ၏ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီနေ့ ဆွေးနွေးသမျှရဲ့ ထူးခြားချက်ကတော့ အားလုံးက တိုတိုပဲ ဆွေးနွေးသွားကြပါတယ်။ သဘောပေါက်ပါတယ်။ အဆိုနဲ့စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၅း၀၅။**

**ဦးဘရွှေ (ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အဆင့်မြင့်ပညာ တာဝန်ယူရတဲ့ ဦးဘရွှေ ဖြစ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း မှ ပညာရေးကဏ္ဍဆိုင်ရာနဲ့ ပတ်သက်လို့ အဆိုပြုထားတဲ့အဆိုမှာ တက္ကသိုလ်များတွင် နိုင်ငံရေး သိပ္ပံပညာရပ်ကို ထပ်ဆောင်းဘာသာရပ် (Additional Subject) အဖြစ် သင်ကြားပေးဖို့ တိုက်တွန်းတဲ့အဆိုတစ်ခုကို ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ ရှင်း လင်းဖြေကြားပေးဖို့ ပြည်ထောင်စုဝန်ကြီးမှ တာဝန် ပေးသည့်အတွက် ကျွန်တော်ဒီအဆိုကို ရှင်းလင်းဆွေးနွေးနိုင်ပါရန် ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘက်စုံအတွေးအခေါ်၊ အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တ ကောင်းမွန်တဲ့ မျိုးဆက်သစ် လူငယ်များ ပေါ်ပေါက်လာရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်၍ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်း ရရှိရေးတို့ကို လေ့ကျင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရိုးသား၍ ကြီးပွားတိုးတက်လိုတဲ့စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးဂုဏ်ယူထိန်းသိမ်းလိုတဲ့စိတ်ဓာတ်၊ တိုင်းရင်းသားညီအစ် ကိုအချင်းချင်း ချစ်ကြည်ရင်းနှီး ပြီးတော့ စာနာထောက်ထားတတ်မှု စိတ်ဓာတ်ကောင်းများဖြင့် စစ်မှန်သည့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်အတွက် အလေ့အကျင့်ကောင်း များ ရရှိဖို့အတွက် တက္ကသိုလ်၊ ဒီဂရီ ကောလိပ်တွေမှာ ပထမနှစ် ဘွဲ့ကြိုသင်တန်းအားလုံးမှာ မသင်မယူမနေရ ဘာသာရပ်အဖြစ် (Compulsory Elective) အဖြစ် မြန်မာ့ရေးရာ (Aspects of Myanmar ) ဘာသာရပ်ကို သင်ကြားပို့ချပေးလျက် ရှိပါတယ်။ ဒီလိုသင်ကြားပို့ချတဲ့နေရာမှာ တက္ကသိုလ်အသီးသီးရှိ သမိုင်း

ဌာနများမှနေပြီးတော့ ပထမနှစ်ဝက်အနေနဲ့ AM-1001 Aspects of Myanmar ဘာသာရပ်ကို သင်ရိုးမာတိကာ အဖြစ် Land and People, History, Foreign Policy and Relations, Economy ဆိုတဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အကြောင်းအရာများကို တစ်ပတ်လျှင် သင်ကြား ပို့ချချိန်(၂)နာရီနှင့် နည်းပြချိန်(၂)နာရီ သင်ကြားပို့ချလျက်ရှိပါတယ်။ အလားတူပဲ မြန်မာစာဌာန ကလည်းပဲ ဒုတိယ နှစ်ဝက်သင်ရိုးဖြစ်တဲ့ AM-1002 Aspects of Myanmar ဘာသာရပ်ရဲ့ သင်ရိုး မာတိကာများအဖြစ်အနေနဲ့ Literature, Language, Tradition and Culture တို့ကို တစ်ပတ်လျှင် သင်ကြား ပို့ချချိန်(၂)နာရီနဲ့ နည်းပြချိ န်(၂)နာရီ သင်ကြားပို့ချပါတယ်။ ဒါ့အပြင် စာမေးပွဲမှာလည်းပဲ စဉ်းစားတွေးခေါ်ပြီးတော့ အကျိုးသင့်အကြောင်းသင့် ဝေဖန်ဆွေးနွေးနိုင်တဲ့ (၂)နာရီ စစ်ဆေးပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ ရှိနေတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ယူနိုင်မှု အခွင့်အလမ်းကောင်းများ ဖွင့်ပေးပြီးတော့ အရည်အချင်းမြင့်မားပြီး နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမယ့် အသိပညာရှင်အတတ်ပညာရှင်များ မွေးထုတ်ဖို့အတွက် ပထမနှစ် ဘွဲ့ကြိုသင်တန်းများမှာ အခုလို Aspects of Myanmar ဆိုတဲ့ မြန်မာ့ရေးရာဘာသာရပ်ကို သင်ကြားပို့ချပေးလျက်ရှိပါတယ်။ သို့သော် ဒီနေ့ ကျွန်တော် အမျိုးသား လွှတ်တော် အစည်းအဝေးကို ကျွန်တော် ပြည်ထောင်စုဝန်ကြီးကိုယ်စား တက်ရောက်လာရတဲ့ အခါမှာ အခုလွှတ်တော် ကိုယ်စားလှယ်ကြီးများက တင်သွင်းတဲ့အဆိုနဲ့ ဒီအဆိုအပေါ် မှာ ထောက်ခံ ဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးသုံးသပ်ချက်ကို ကျွန်တော် အခု နာယူရတဲ့အခါမှာ ကျွန်တော့်တင်ပြလွှာထဲမှာမပါတဲ့ မိမိရဲ့ အတွေးအမြင်တစ်ခုကို အလွတ်သဘော အဖြစ် ကျွန်တော်တင်ပြချင်ပါတယ်။ အဲဒါက ဘာလဲဆိုရင် ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ Political Science ဆိုတဲ့ ခုန ဆရာဦးသန်းဆွေ တို့၊ ဆရာကြီးဦးဝင်းမောင် တို့ တင်ပြ တာဟာ သူတို့ရဲ့ ပညာသင်ကြားခဲ့တဲ့ အချိန်အခါကာလမှာရှိနေခဲ့ကြတဲ့ နိုင်ငံရေးသိပ္ပံဘာသာရပ် သဘောသဘာဝကို ရှင်းပြတာဖြစ်ပါတယ်။ ဒီဆရာကြီးတို့ရှင်းပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ရှင်းပြတဲ့အပိုင်းမှာပါတဲ့ နိုင်ငံရေးသိပ္ပံဘာသာရပ်ဆိုတဲ့ (Political Science )ဟာ Politic ဆိုတဲ့ ဘာသာရပ်အောက်မှာ သိပ္ပံနည်းကျပညာရှင်များ လေ့လာသင်ကြားကြတဲ့ ဘာသာရပ်ဖြစ်ပါတယ်။

ကိုလိုနီခေတ်နဲ့ ပါလီမန်ဒီမိုကရေစီခေတ်မှာ ဒီဘာသာရပ်တွေကို သမိုင်းဘာသာ ဌာနအောက်မှာ ရှိတဲ့ Western History ဌာနမှာရှိနေတဲ့ ဌာနက သင်ကြားပို့ချခဲ့တယ်လို့လည်း သိရပါတယ်။ ကျွန်တော်ပင်လျှင် သမိုင်းဘာသာရပ်ဖြင့် အထူးပြုဖြင့်စနစ်သစ်မှာ ကျွန်တော်

သင်ယူခဲ့ရတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ခေတ်မှာ Political Science ကို မသင်ခဲ့ရပါဘူး။ သို့သော် ကျွန်တော်ကိုယ်တိုင် Political Science ရှိတဲ့ Text တွေကို ကျွန်တော် စိတ်ဝင်စားလို့ လေ့လာခဲ့ပါတယ်။ လေ့လာခြင်းအားဖြင့် ကျွန်တော် သင်ယူခဲ့သော သမိုင်းဘာသာရပ်မှာ ပိုပြီးတော့ Believe ဖြစ်ခဲ့ပါတယ်။ အဲဒီတော့ အခု အဆိုရှင်တင်ပြတဲ့ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ဆွေးနွေးကြတဲ့ပုဂ္ဂိုလ်၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး အများစု ကတော့ဖြင့် ကျွန်တော်တို့ရဲ့ ကျောင်းသူ၊ ကျောင်းသားများရဲ့ အသိအမြင်မှာ မိမိနိုင်ငံတော် အပေါ်မှာ မြတ်နိုးလိုတဲ့စိတ်၊ မိမိနိုင်ငံတော်ရဲ့ ဖြစ်ပေါ်ခဲ့သော သမိုင်းကြောင်းနဲ့ နိုင်ငံရေး ဖြစ်ပေါ်မှုကို ကျောင်းသား တွေ သင်ခန်းစာယူပြီးတော့ တိုးတက်အောင် ရည်ရွယ်ချက်နဲ့ သင်ပေးစေလိုတဲ့သဘောကို ဖော်ပြကြပါတယ်။ ဒီအပိုင်းကတော့ ကျွန်တော်တို့ အခု သင်ကြား နေတဲ့ Aspects of Myanmar ထဲမှာ History အပိုင်းထဲမှာကိုက ကျွန်တော်တို့ ဒါတွေကို ထည့်သွင်းသင်ပေးပါတယ်။ သို့သော် ဆရာဦး သန်းဆွေ တို့၊ ဆရာဦးဝင်းမောင် တို့ တင်ပြတဲ့ Political Science အပိုင်းကတော့ ဒီ Political Science ဆိုတဲ့ ဘာသာရပ်မှာပါနေတဲ့ Political Theory နဲ့ Political Organization ပါ။ Political Theory ဆိုတာကတော့ ခုန လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့ ဂရိခေတ်မှသည် မျက်မှောက် ခေတ် ကာလအထိ နိုင်ငံ ရေးအတွေးအခေါ်များကို သုံးသပ်တဲ့ ဘာသာရပ် ဖြစ်ပါတယ်။ Political Organization ကတော့ ယနေ့ ကျွန်တော်တို့ နိုင်ငံတော် ဖွဲ့စည်းပုံ တည်ဆောက်ပုံအဆင့်ဆင့်ကို ခွဲခြမ်းစိတ်ဖြာထားသော ဘာသာရပ်ဖြစ်ပါတယ်။ ဒီဘာသာရပ်တွေကို ကျွန်တော်တို့ တက္ကသိုလ်မှာ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှာ ကျွန်တော်တို့ အပြည့်အဝသ င်ပေးပါတယ်။ ဒီ နိုင်ငံတကာ ဆက်ဆံရေးပညာဘာသာရပ်ဟာ အရင်ကမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က သမိုင်းဘာသာ သမိုင်းဌာနမှ ဆရာများပဲ ကျွန်တော်တို့ ခွဲထွက်ပြီးတော့ ဒီဘာသာကို ပြုစုပျိုးထောင်ခြင်း ဖြစ်ပါတယ်။ အဓိကကတော့ အဲဒီအချိန်ကာလတုန်းက လမ်းစဉ်ပါတီခေတ်မှာနိုင်ငံရေးသိပ္ပံ ဆိုတဲ့ ဘာသာရပ်ရဲ့ သဘောတရားများကိုPolitical Science ရယ်လို့ ကျွန်တော်တို့ WesternType ကို သင်လို့ မဖြစ်တဲ့အတွက် ဒီနိုင်ငံတကာဆက်ဆံရေး ပညာမှာတော့ဖြင့် ဒါတွေကို မသိမဖြစ် သင် ရ အောင်ဆိုပြီးတော့ ဆရာကြီးများက Curriculum Scope သင်ရိုးတစ်ခုအနေနဲ့ ပြဋ္ဌာန်းပြီးသင်ပေး သွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုကျွန်တော်တို့ တက္ကသိုလ်မှာလည်းပဲ ဒီ နိုင်ငံရေးသိပ္ပံ ဘာသာရပ် (Political Science) ရဲ့ Essence တွေ အားလုံးဟာ ကျွန်တော်တို့ (International

Relation) နိုင်ငံတကာဆက်ဆံရေး ပညာသင်ယူတဲ့ ကျောင်းသားများသိရှိနားလည်ပြီးဖြစ်ပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဒီဘာသာရပ်ကို တက္ကသိုလ်ကျောင်းသားတိုင်း အားလုံး သင်စေချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီဘာသာရပ်ရဲ့ အနေအထားအရ ကျွန်တော် နားလည် သလောက်ဆိုရင်လည်းပဲ ကျွန်တော် ဘာသာရပ်တိုင်းမှာ ကျောင်းသားတိုင်းက ဒီ Field ကို စိတ်မဝင်စားပါဘူး။ တကယ်တော့ ဒီဘာသာရပ်နဲ့ ဆက်စပ်နေတဲ့ ဝိဇ္ဇာဘာသာရပ်များနဲ့ သူနဲ့ Alike ဖြစ်နေတဲ့ဆက်စပ်နေတဲ့ သူရဲ့ပညာရပ် အနေနဲ့ဆိုင်တဲ့ ဘာသာရပ်များကသာလျှင်Elective ဘာသာရပ် ကျွ န်တော်တို့ ရွေးချယ်ပိုင်ခွင့် ရှိသော ဘာသာရပ်အဖြစ် သင်ကြားနိုင်ရင်တော့ အထောက်အကူ ဖြစ်နိုင်ပါတယ်။ ဒီတော့ ကျွန်တော်တို့ အဆိုရှင်ရဲ့အပေါ်မှာ လွှတ်တော် ကိုယ်စားလှယ်ကြီး အများစုကလည်းပဲ ကျွန်တော် အခု ကျွ န်တော်ကြားရတာက အားလုံး အတူတူက လိုလားပါတယ်။ ထောက်ခံကြပါတယ်။ သို့သော် ကျွန်တော်ရဲ့ ဒီတင်ပြထားတဲ့ အဆိုမှာ တော့ဖြစ်ရင် ဒီ Aspects of Myanmar ကို သ င်ကြားခဲ့တဲ့အတွက် မြန်မာမှုနဲ့ ပတ်သက်တဲ့ ရေးရာများ အားလုံးကို ကျောင်းသားများဟာ ပထမနှစ်မှာ သင်ကြားပြီးဖြစ်တဲ့ အတွက် မြန်မာနဲ့ပတ်သက်တဲ့ အကြောင်းအရာများဟာ အတော်တော်များများကို သမိုင်း အားဖြင့် မသင်ပေမယ့်လည်း ဒါတွေကို သိရှိနားလည်ကြပြီ ဖြ စ်ပါတယ်။ ဒီ Aspects of Myanmar ကိုလည်းပဲ ကျွန်တော်တို့ တိုးချဲ့ပြီးတော့ရင် သင်ရိုးများကို ပြုပြင်ပြောင်းလဲသွားလို့လည်းရပါတယ်။ အထူးသဖြင့်တော့ တက္ကသိုလ်မှာ သင်ကြားရတဲ့အခါမှာလည်းပဲ ကျွန်တော်တို့ စာသင်ရတဲ့အချိန် ကာလကို ကျွန်တော်တို့ ချိန်ဆရပါတယ်။ သင်ရိုးသင်တမ်းဘာသာရပ်တွေ သူတို့အတွက် ရွေးပိုင် ခွင့်များတဲ့အခါမှာ သူတို့လိုချင်တဲ့ သက်ဆိုင်ရာ ဘာသာရပ်တွေကို သင်ယူဖို့ အားလုံးဟာ လျော့နည်း၊ အားနည်းသွားပါမယ်။ ဒါကြောင့်မို့လို့ ဒီ (၄)နှစ်အတွက် ထပ်ဆင့်ပြီးတော့ ပညာ သင်ကြားရေးကိစ္စများကို မကြာခင်တုန်းက ပညာဆီးနိတ် ကောင်စီတွေ၊ ဗဟိုကောင်စီတွေ ကျင်းပတဲ့အခါမှာလည်းပဲ ကျောင်းသူ၊ ကျောင်းသား များလည်း ထိထိမိမိသင်ကြားနိုင်အောင် ပညာရပ်တွေ ထူးချွန်နိုင်အောင် ရည်ရွယ်ပြီးတော့ တချို့သင်ရိုးသင် ခန်းတွေကိုလည်း နှစ်ကာလ ရှည်သော်လည်းပဲ သင်ရိုးတွေကို မချဲ့ဘဲနဲ့ ပိုင်ပိုင်နိုင်နိုင်သင်နိုင်အောင် ကျွန်တော်တို့ ရည်ရွယ် ပြီးတော့ အစည်းအဝေး ဆုံးဖြတ်ခဲ့ကြတာလည်း ရှိပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ နိုင်ငံရေး သိပ္ပံဘာသာရပ်ကိုတော့ဖြင့် အားလုံးသော ဝန်ကြီးဌာနအသီးသီးမှာရှိတဲ့ တက္ကသိုလ်တိုင်းမှာ ဒီပုံစံကို သင်မယ်ဆိုရင်တော့ ဒါ အစီအစဥ်အားဖြင့် လောလောဆယ်မှာ အဆင်ပြေနိုင်မှာ

မဟုတ်ပါဘူး။ ဒါဟာလည်းပဲ ကျွန်တော်တို့ လေ့ကျင့်ပျိုးထောင်မှုဆိုတဲ့ အပိုင်းလည်း အများကြီး လိုပါတယ်။ သို့သော် ယခုအခါမှာတော့ ကျွန်တော်တို့အားလုံးကို ကျယ်ကျယ်ပြန့်ပြန့် သင်နိုင်တာ ကတော့ဖြင့် မြန်မာမှု ရေးရာဆိုတဲ့ Aspects of Myanmar ကို ပို၍ပို၍ ကျယ်ပြန့်အောင် ကျွန်တော်တို့ နှီးနွှယ်ပြီးတော့ မြန်မာ့မျိုးချစ်စိတ်ဓာတ်ရော ဆက်စပ်ပြီးတော့ သင်ပေးလို့ရပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအခြေအနေ အရတော့ နိုင်ငံရေးသိပ္ပံဘာသာရပ် ကို Elective Course တွေနဲ့ သီးခြားတက္ကသိုလ် တိုင်းမှာ သင်ယူနိုင်ဖို့အခြေအနေ မဖြစ်နိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ ဒီအဆိုကို မှတ်တမ်း အဖြစ် တင်သင့်ပါကြောင်း တင်ပြလိုပါတယ်။ နောက်နောင် ဒီ Political Science ဘာသာရပ်ကိုတော့ဖြင့် ဝိဇ္ဇာတွေနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေမှာ သင်ကြားခွင့်ပေးနိုင် ရေးအတွက် သင့်လျော် မယ်လို့ ထင်မြင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅:၂၅။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးဉာဏ်လင်း က မိမိရဲ့သဘောထားကို တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၂၅။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ဆွေးနွေးချက်များကလည်းပဲ ခေတ်ကာလအလိုက် မှန်တယ်လို့ ကျွန်တော့် အနေနဲ့ ထင်မြင်ပါတယ်။ သို့သော်လည်းပဲ Political Science က ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ၊ စနစ်နဲ့အညီ တက္ကသိုလ်၊ ကောလိပ်များ အားလုံးမှာ မသင်ကြားနိုင်သော်လည်းပဲ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် အဓိက သင်နေကြတဲ့ ရန်ကုန် တက္ကသိုလ်လို၊ မန္တလေးတက္ကသိုလ်လို အဲဒီလို တက္ကသိုလ်ကြီးများမှာ တော့ အစပျိုးပြီးတော့မှ သင်သင့်ပါတယ်လို့ ကျွန်တော်အနေနဲ့ ထင်မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့အဆိုကို လွှတ်တော်ရဲ့ဆန္ဒ ရယူလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုမှာက ပြည်ထောင်စုဝန်ကြီးဌာန၊ ဝန်ကြီးဌာနအသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များ၌နော်။

**ဦးညဏ်လင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခု ပြန်လည်တင်ပြတာကတော့ အဲဒီလို မဟုတ်တော့ဘူးလား။

**ဦးညဏ်လင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ အမှန်က တော့ မူလအဆိုကတော့ တက္ကသိုလ်၊ ကောလိပ်အားလုံးမှာ သင်စေချင်ပါတယ်။ ကျွန်တော်တို့က ဝိဇ္ဇာ၊ သိပ္ပံသင်တဲ့ ကျောင်းသူ၊ ကျောင်းသားများရော ဝိဇ္ဇာ၊ သိပ္ပံမဟုတ်ဘဲနဲ့ ကျွမ်းကျင်တဲ့ ကျောင်းသူ၊ ကျောင်းသားတွေပါ နိုင်ငံရေးအသိပညာ ရရှိစေလိုတဲ့ဆန္ဒနဲ့ အဆိုတင်ပြခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒုတိယဝန်ကြီးရဲ့ ရှ င်းလင်းဆွေးနွေးချက်အရ လောလောဆယ် မဖြစ်နိုင်သေးဘူးဆိုတဲ့အတွက် သို့သော်လည်းပဲ ခေတ် စနစ်နဲ့အညီ အားလုံးမှာ မသင်ကြားနိုင်ရင်တောင်မှ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ကြီးတွေမှာတော့ အစပျိုး ပြီးတော့မှ သ င်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ဒါ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ အဆိုကို ပြင်မှာပေါ့ အဲဒီလိုလား။

**ဦးညဏ်လင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဟုတ်ကဲ့ပါ ခင်ဗျား။ ဥက္ကဋ္ဌကြီး သင့်လျော်သလို ပြင်ပေးပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုကို ပြင်မယ်နော်။

**ဦးညဏ်လင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ပြ ည်ထောင်စုဝန်ကြီးဌာန အသီးသီးက ခန့်ခွဲသော မဟုတ်တော့ဘူး။ ရန်ကုန်နှင့်မန္တလေး ဟုတ်တယ်မို့လား။

**ဦးညဏ်လင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ ဘာတက္ကသိုလ်ခေါ်မလဲ။ ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်။

**ဦးညဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ အမှန်တကယ်တော့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ် ဒီလိုပဲ ခေါ်ပါတယ်ခင်ဗျား။ သို့သော်လည်းပဲ ဝိဇ္ဇာ ပညာရပ်များ၊ သိပ္ပံပညာရပ်များကို အဓိကသင်တဲ့ တက္ကသိုလ်ကြီးတွေကို ဆိုလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ တက္ကသိုလ်များ၌ ဝိဇ္ဇာ ပညာရပ်များ ဝိဇ္ဇာရော၊ သိပ္ပံရော ထည့်မှာမို့လား။ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ ဘာတက္ကသိုလ်ခေါ် သလဲ။ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်ခေါ်လား။ ဘာခေါ်လဲ။

**ဦးညဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ပါ ခင်ဗျား။ သူကတော့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ဆိုရင် အဲဒီ ဝိဇ္ဇာပညာရပ်များ၊ သိပ္ပံပညာရပ်များသင်တဲ့ တက္ကသိုလ်များ ဖြစ်ပါတယ်ခင်ဗျား။ နာမည်အခေါ်အဝေါ်ကတော့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ် ဒီလိုခေါ်ပါတယ်ခင်ဗျား။

**ဦးဘရွှေ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဘွဲ့လွန်တွေပဲ တက်ပါတယ်။ ဘွဲ့ကြိုတွေကတော့ဖြင့် ကျွန်တော်တို့ ဒီပညာရေးဝန်ကြီးဌာနအောက်မှာ ရှိတဲ့ တက္ကသိုလ်ပေါင်း (၄၄)ခုရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် သင်ကြားသော တက္ကသိုလ်များဆိုရင်တော့ ဒါ အားလုံးနဲ့ သွားဆိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါတယ်။

**ဦးညဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ပြီးခဲ့တဲ့ တစ်ပတ်က ဒုတိယပုံမှန်အစည်းအဝေးမှာ ပညာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကလည်းပဲ ဒါဟာ သင်သင့်ပါတယ်။ အဲဒီတော့ တက္ကသိုလ်များမှာ ဘွဲ့ကြို၊ ဘွဲ့လွန်များမှာ နိုင်ငံတော်က လိုအပ်တယ်ဆိုရင် သင်ပြပေးမယ်ဆိုတဲ့ ကတိကဝတ်လည်း ရှိတဲ့အတွက် ဒီအဆိုကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီက ပြည်ထောင်စုဝန်ကြီး ပြောကြားချက်နဲ့ ဒုတိယဝန်ကြီး ရဲ့ သဘောထားနဲ့ကတော့ နည်းနည်းလေးတော့ ကွဲလွဲမှုတွေ ရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ။ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ခင်ဗျားတို့ မေးခဲ့တာပဲ။ ပညာရေးဝန်ကြီးဌာနက ဖြေခဲ့တာမဟုတ်လား။

**ဦးဉာဏ်လင်း၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဲ ဒီတော့ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ဝိဇ္ဇာပညာရပ်များနှင့် သိပ္ပံပညာရပ်များကို သင်ကြားသော တက္ကသိုလ်များ၌ ဟုတ်တယ်မို့လား။ (၄၀) ကျော်ရှိတာပေါ့။ အဲဒီမှာ နိုင်ငံရေးသိပ္ပံဘာသာရပ် ကို ထပ်ဆောင်းဘာသာရပ်အဖြစ် ဒီလိုပြင်လိုက်လို့ရှိရင် အဆိုဟာ အဆင်ပြေမယ့်သဘောရှိတာပေါ့။ ဟုတ်တယ်မို့လား။

**ဦးဉာဏ်လင်း၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ နောင် အဆိုရေးချင်ရင် ဌားရေးပေးမယ်နော်။ ဒီလိုဖြစ်သွားမှာပေါ့နော်။ အဆိုက ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဝိဇ္ဇာပညာရပ်များနှင့် သိပ္ပံပညာရပ်များကို သင်ကြားပေးနေသော တက္ကသိုလ်များ၌ ဟုတ်တယ်နော်။

**ဦးဉာဏ်လင်း၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဟုတ်ကဲ့ပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ်အဖြစ် သင်ကြားပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆို ဒီအဆိုကို မဲခွဲမယ်။ အဲ ဒီတော့ ဒီအဆိုကို အတည်ပြု ဖို့အတွက် သဘော တူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ မတ်တပ်ရပ်တဲ့နည်းလမ်းနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။

ထောက်ခံတဲ့ပုဂ္ဂိုလ်များ မတ်တပ်ရပ်ကြပါ။

ထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု မတ်တပ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ၄၀ ဦးနှင့်အထက် ရှိတဲ့အတွက် ဦးဉာဏ်လင်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီလောက်နဲ့ပဲ ရပ်မှနဲ့တူတယ်။ ရပ်ကြမလား။ ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ မတ်တပ်ရပ်ပြပါ ဆိုတဲ့အခါမှာ မနည်းရပ်နေရတာတွေ့တယ်။ ကျန်တဲ့အဆို (၂)ခုကတော့ နောက်ရက်ပေါ့။ နောက်တစ်ခုက ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ အဆိုတွေ တင်ဖို့အတွက် (၃)ခု ရှိပါတယ်။ တစ်ခုကတော့ ဦးဇော်မြင့်ဖေ။ ဒါ ခင်ဗျားတို့လည်း ကြားပြီးသားပါ။ ဒါဘာလဲဆိုတော့ အလုပ်သမားဝန်ကြီးဌာနကို စီးပွားရေး ဝန်ကြီးဌာနအဖွဲ့ အဖြစ်မှနေပြီးတော့ထုတ်ပြီးတော့မှ သီးခြားထားဖို့ နောက်တစ်ခုကတော့ ဒေါက်တာမြင့်ကြည် တင်ဖို့ ရှိပါတယ်။ ဒါကတော့ အစိုးရအဆက်ဆက်က အလုပ်ရှင်နဲ့ အလုပ်သမားတွေရဲ့ ထည့်ဝင်ထားတဲ့ ရန်ပုံငွေတွေကို အစိုးရယူထားတဲ့ဥစ္စာတွေပြန်ပေးဖို့ နောက်တစ်ခုက ဦးမြင့်ထွန်း ဟိုနေ့က ပြောတယ်။ တောင်သူ လယ်သမားနဲ့ပတ်သက်တဲ့ အမတော်ကြေး ထုတ်ပေးတဲ့အခါမှာ ချေးတာရေးငွေဆိုပြီးတော့ ဖြတ်တဲ့အခါမှာ နှစ်ပေါင်း (၃၀)လောက်ရှိပြီဆိုတဲ့ သဘောက သူ က ဒါတွေ ဖြတ်ထားပြီးတော့ ပြန်မဆယ်မှာကြောက်လို့လား။ ဘာကြောင့်လဲ၊ တောင်သူလယ်သမားတွေ အပေါ်မှာကရော ဘယ်လောက်ထိ သူတို့ရဲ့ စုငွေတွေ ရှိနေကြသလဲ။ အတိအကျ မဟုတ်တောင်၊ တစ်နိုင်ငံလုံး မဟုတ်တောင် ခန့်မှန်းခြေလောက်နဲ့ အဲဒီ အဆိုတွေ မြန်မြန်လုပ်ပြီးတော့ ဒီ (၃)ခုကို တန်းစီပြီးတော့ ပြည်ထောင်စုလွှတ်တော်မှာ တင်လိုက်ရအောင် ။ အဲဒီတော့ ဦးမြင့်ထွန်း က ခိုင်ခိုင်လုံလုံလေးပေါ့။ ဘာကြောင့် ဒါ ဖြတ်ရတာလဲ။ ငွေလိုလို့ချေးမှ ဒါကို ထပ်ဖြတ်နေတယ်။ နောက်ပြီး လွန်ခဲ့တဲ့နှစ်(၃၀)လောက်ကတည်းက ပြန်လည်မပေးဘူးဆိုတော့ စည်းမျဉ်း၊စည်းကမ်းက ဘယ်လိုရှိသလဲ။ ရည်ရွယ်ချက်ကဘာလဲ။ ဒါ ထားသင့်လား၊ မထားသင့်ဘူးလား ဆိုတာလေး ပေါ့နော်။ ဒီအဆို(၃)ခုက တစ်ဆက်တည်းတင်နိုင်မှ အလုပ်သမားနှင့် တောင်သူလယ်သမားတွေရဲ့ အကျိုးကို ချက်ချင်းခံစားရမယ့် အနေအထား ရှိပါတယ်။ အဲဒီတော့ ဒီအမျိုးသား လွှတ်တော် အစည်းအဝေးတွေကတော့ ရုတ်ချည်း ရုတ်ချည်း စီစဉ်ရတာတွေ ဖြစ်ပါလိမ့်မယ်။ ဖြစ်တဲ့အတွက် ဒီအဆိုတွေ တင်သွင်းထားတဲ့ပုဂ္ဂိုလ်၊ ဆွေးနွေးဖို့ တင်သွင်းထားတဲ့ပုဂ္ဂိုလ်တွေ၊ မေးခွန်းမေးမြန်းဖို့ တင်သွင်းထားတဲ့ ပုဂ္ဂိုလ်တွေက အဆင်သင့် အမြဲတမ်းဆောင်လာဖို့တော့ လိုပါလိမ့်မယ် ။ ဒါကြောင့် ဒီအချိန်မှာ ဘတ်ဂျက် National Plan တွေနဲ့ Budget နဲ့ အလုပ်ရှုပ်နေတဲ့ကိစ္စကို ဒါ အားလုံးနားလည်ပေးထားဖို့ လိုပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၂၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အကြောင်းကြားမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ အစည်းအဝေးကို ၁၅း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]